ဖက်ဒရယ်ပညာပေးစာစဉ်

အမှတ် ( ၆ )

# အာဏာခွဲဝေကျင့်သုံးခြင်း

## သဘောတရားလေ့လာခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်း

# Division of Powers

## ( Theory & Practice )

ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနမှ ထုတ်ဝေသည်။

**အယ်ဒီတာအဖွဲ့**

**ဆလိုင်းလျန်မှုန်း**
**ကိုကျော်စွာ**
**ကိုအေရွှန်**
**ဂရေ့စ်**
**ကြေးသား**

**ပုံနှိပ်မှတ်တမ်း**

၁။ ပြည်ထောင်စုနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား
အာဏာခွဲဝေကျင့်သုံးခြင်း – ၂၀၂၂၊ ၂၀၂၆ ၊ မတ်လ
၂။ ဖက်ဒရယ်စနစ်အတွင်း လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေခြင်း – ၂၀၂၆ ၊ မတ်လ
၃။ ပြည်ထောင်စုနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား
အာဏာခွဲဝေကျင့်သုံးခြင်းနှင့် အရင်းအမြစ်များ ခွဲဝေခြင်း – ၂၀၂၃၊ စက်တင်ဘာလ

**အမျိုးသားညီညွတ်ရေးအစိုးရ၊ ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန၏**
**ပေါ်လစီစာတမ်းမဟုတ်ပါ။ ဖက်ဒရယ်ပညာပေးစာစဥ်သာဖြစ်သည်။**

မာတိကာ

## အပိုင်း (၁)
## ပြည်ထောင်စုနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း


အခန်း (၁) ပြည်ထောင်စုနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း

အခန်း (၂) ဖက်ဒရယ်စနစ်အတွင်း လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေခြင်း


## အပိုင်း (၂)
## လက်တွေ့ကျင့်သုံးခြင်း


အခန်း (၃) ပြည်ထောင်စုနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းနှင့် အရင်းအမြစ်များ ခွဲဝေခြင်း

# အပိုင်း (၁)

# ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း

အခန်း (၁)

# ပြည်ထောင်စုနှင့်ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း

## အနှစ်ချုပ်

ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းသည် ဖက်ဒရယ်စနစ်၏ အရေးကြီးသောအင်္ဂါရပ်တခုဖြစ်ပါသည်။

ပြည်နယ်အားကောင်းရေးမှသည် ပြည်ထောင်စုအားကောင်းရေး (Bottom-up Federalism) ချဉ်းကပ်မှုဖြင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်ရာတွင် ကျင့်သုံးရမည့် "ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း" အခြေခံ မူ (၄) ချက်ကို "ဖက်ဒရယ်ပညာပေးစာစဉ် အမှတ် (၅)" တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယင်း အခြေခံမူ (၄) ချက်မှာ

(၁) အချုပ်အခြာအာဏာ (Sovereignty)

(၂) စည်းလုံးညီညွတ်ခြင်း (Solidarity)

(၃) လူထုနှင့်အနီးကပ်ဆုံးအစိုးရထံ အာဏာရှိခြင်း (Subsidiary Principles)

(၄) အချိုးကျလုပ်ပိုင်ခွင့်အာဏာကျင့်သုံးခြင်း (Proportionality)

ဤစာတမ်းတွင် ယခင်ဖော်ပြထားပြီးဖြစ်သော အခြေခံမူ (၄) ချက်အပြင်၊ "ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း" သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးထားခြင်းဖြစ်ကြောင်းကိုလည်း ဖော်ပြသွားမည်ဖြစ်ပါသည်။ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းကို ဖော်ဆောင်နိုင်မှသာ တိုင်းရင်းသားလူမျိုးပေါင်းစုံ နှစ်ပေါင်း (၇၅) နှစ်ကျော် တိုက်ပွဲဝင်တောင်းဆိုနေသော ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝအာမခံချက်ပေးနိုင်သော ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းကို အကောင်အထည်ဖော်နိုင်မှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့တွင် မရှိမဖြစ်လိုအပ်သည့် "အကန့်အသတ်ရှိသောအစိုးရ" (Limited Government) ကိုလည်း ဖွဲ့စည်းထူထောင်နိုင်ပါလိမ့်မည်။

ပြည်ထောင်စုနှင့်ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းရှိသော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်နိုင်ခြင်းမရှိပါက ပြည်ထောင်စုမြန်မာနိုင်ငံသည် ၁၉၄၇၊ ၁၉၇၄ နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများဖြင့် ဖွဲ့စည်းထူထောင်ခဲ့သော အတုအယောင်ပြည်ထောင်စုစနစ်ကိုသာ ပြန်လည်ပါလိမ့်ဦးမည်။ အကယ်၍ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့်အညီ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းကို ဖော်ဆောင်နိုင်ခြင်း မရှိပါက အတုအယောင်ပြည်ထောင်စုစနစ်အောက်တွင် စစ်အာဏာရှင်စနစ်နှင့် အမျိုးမျိုးသောအာဏာရှင်စနစ်တို့၏ ကြီးစိုးလွှမ်းမိုးမှုကို ပြန်လည်ခါးစည်းခံသွားကြရပေလိမ့်မည်။ ထို့ကြောင့် နွေဦးတော်လှန်ရေးအရှိန်အဟုန်ဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ တောင်းတ၍ တိုက်ပွဲဝင်တောင်းဆိုနေသည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် မရှိမဖြစ် လိုအပ်သော "ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးရေး" ကို လေ့လာနိုင်ရန် တင်ပြအပ်ပါသည်

## နိဒါန်း

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်တွင် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား ခွဲဝေကျင့်သုံးကြပါသည်။ ယင်းကဲ့သို့ ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း (Division of Powers) သည် ဖက်ဒရယ်စနစ်၏ အရေးကြီးသောအင်္ဂါရပ်တခုဖြစ်ပါသည်။

ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းကို စတင်ဖော်ဆောင်ကျင့်သုံးခဲ့သောတိုင်းပြည်သည် အမေရိကန်ပြည်ထောင်စုဖြစ်ပါသည်။ ၁၇၈၇ ခုနှစ်တွင် အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းသည့်အချိန်တွင် "အကန့်အသတ်ရှိသောအစိုးရ" (Limited Government) ဖွဲ့စည်းထူထောင်ရေးကို ရည်ရွယ်ဦးတည်ပြီး၊ အချုပ်အခြာအာဏာသုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ပိုင်းခြားကျင့်သုံးခြင်း (Seperation of Powers) နှင့် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ခွဲဝေကျင့်သုံးခြင်း (Division of Powers) တို့ကို တပြိုင်နက်တည်း ဖော်ဆောင်ကျင့်သုံးခဲ့ကြပါသည်။ အုပ်ချုပ်သူအစိုးရများက အာဏာအလွဲသုံးစားခြင်း မရှိရလေအောင် အကန့်အသတ်ရှိသောအစိုးရကိုဖွဲ့စည်းရာတွင် အာဏာပိုင်းခြားကျင့်သုံးခြင်းနှင့် ခွဲဝေကျင့်သုံးခြင်းတို့အပြင် အစိုးရ၏သက်တမ်း ကန့်သတ်ခြင်းကိုလည်း ပူးတွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

"အကန့်အသတ်ရှိသောအစိုးရ" (Limited Government) ကို ဖွဲ့စည်းထူထောင်ရာ၌ တပြည်ထောင်စုစနစ်ကျင့်သုံးသောအမျိုးသားနိုင်ငံများတွင် အချုပ်အခြာအာဏာသုံးရပ်ကို ပိုင်းခြားကျင့်သုံးခြင်းနှင့် ထိုအာဏာသုံးရပ်ကို ချိန်ခွင်လျှာညှိခြင်း (Check and Balance) ဖြင့် လုံလောက်သော်လည်း၊ ပြည်ထောင်စုစနစ်ကို ကျင့်သုံးသော ဖက်ဒရယ်နိုင်ငံများတွင် အာဏာပိုင်းခြား ကျင့်သုံးရုံမျှဖြင့် မလုံလောက်ပေ။ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေခြင်းကိုပါ ပူးတွဲကျင့်သုံးရသည်။ ပြည်ထောင်စုစနစ်တွင် အာဏာခွဲဝေကျင့်သုံးရာ၌ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ကျင့်သုံးသည့်နည်းလမ်းနှင့် အတုအယောင်ပြည်ထောင်စုစနစ်တွင် ကျင့်သုံးသည့်နည်းလမ်းလည်း မတူညီကြပေ။

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ဆိုသည်မှာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး အပြည့်အဝအပ်နှင်းထားသောစနစ်ဖြစ်သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသောပြည်နယ်များသည် မိမိတို့၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံး၍ မိမိတို့ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိကြသည်။ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းမူအရ ပြည်နယ်များက ကျင့်သုံးပိုင်ခွင့်ရှိသော အချုပ်အာဏာသုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အသီးသီးက သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကျင့်သုံးပိုင်ခွင့်ရှိကြသည်။ ဥပဒေပြုရေးအာဏာကို ကျင့်သုံးနိုင်ရန် လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်ရန် ပြည်နယ်အစိုးရနှင့် တရားစီရင်ရေးအာဏာကို ကျင့်သုံးနိုင်ရန် ပြည်နယ်တရားရုံးများ ဖွဲ့စည်းထူထောင်ခွင့်လည်းရှိကြသည်။

အတုအယောင် ပြည်ထောင်စုစနစ်ဆိုသည်မှာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုရုပ်သိမ်း၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်မရှိသောစနစ်ဖြစ်ပါသည်။ ထိုစနစ်တွင် ပြည်ထောင်စု (ဗဟို) အဆင့်တွင် အာဏာများကို အလုံးစုံထားရှိပြီး၊ ဗဟိုဦးစီးစနစ် (Centralization) ကို တင်းကျပ်စွာ ကျင့်သုံးပါသည်။ ပြည်နယ်များက ကျင့်သုံးပိုင်ခွင့်ရှိသောအာဏာသည် ဗဟိုက မျှဝေလျှော့ချပေးသော အာဏာများသာဖြစ်၍ ယင်းကို "ဗဟိုဦးစီးစနစ်ကို လျှော့ချခြင်း" (De-centralization) ဟု ခေါ်ပါသည်။ ထိုကဲ့သို့ ပြည်ထောင်စု (ဗဟို) က ကျင့်သုံးရမည့်လုပ်ပိုင်ခွင့်အာဏာနှင့် ပြည်နယ်များက ကျင့်သုံးရမည့် လုပ်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စု (နိုင်ငံတော်) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နောက်ဆက်တွဲတွင် ဇယား (၁)၊ ဇယား (၂) တို့ဖြင့် ဖော်ပြလေ့ရှိပါသည်။ ဤသို့ဖြင့် ၁၉၄၇ နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြည်ထောင်စုဥပဒေပြုစာရင်းကို ဇယား (၁) တွင် ဖော်ပြပြီး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဥပဒေပြုစာရင်းကို ဇယား (၂) တွင် ဖော်ပြပါသည်။ ထို့ကြောင့် အတုအယောင် ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း မရှိပါ။

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုနှင့်ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းကို စနစ်တကျဖော်ဆောင်ခြင်းဖြင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးထားပါသည်။ ထို့အပြင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို အချုပ်အခြာအာဏာ (၃) ရပ်စလုံး တန်းတူရည်တူကျင့်သုံးခွင့် အပ်နှင်းထားသောကြောင့် ပြည်နယ်အားလုံးသည် နိုင်ငံရေးအရ တန်းတူကြသည်။ နိုင်ငံရေးအရ တန်းတူသောပြည်နယ်များဖြင့် ပူးပေါင်းဖွဲ့စည်းထူထောင်ထားသည့် ဖက်ဒရယ်ပြည်ထောင်စုသည် အချိုးတူဖက်ဒရယ်စနစ် (Symmetry Federalism) ဖြစ်သည်။ အချိုးတူဖက်ဒရယ်စနစ်တွင် ပြည်ထောင်စုနှင့်ပြည်နယ်များအကြား အချုပ်အခြာအာဏာ (၃) ရပ်စလုံးကို ခွဲဝေကျင့်သုံးသောကြောင့် ဗဟိုဦးစီးစနစ်ကင်းစင်သော (Non-centralization) ဖက်ဒရယ်စနစ်ဖြစ်သည်။

## ပြည်ထောင်စုနှင့် ပြည်နယ်များအကြား
## အာဏာခွဲဝေ ကျင့်သုံးခြင်း

အနှစ် (၇၀) ကျော်ပြည်တွင်းစစ်အပါအဝင် ဤတိုင်းပြည်တွင် ရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာ အားလုံး၏ အရင်းအမြစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာ (Constitutional Crisis) ဖြစ်သည်ဟု ဥပဒေရှုထောင့်မှ သုံးသပ်နိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံပြဿနာဟုဆိုရာ၌ အဓိကအကျဆုံးသောပြဿနာ (၂) ရပ်မှာ–

(၁) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို လုံလောက်သောအာဏာ မပေးခြင်းနှင့်

(၂) ပြည်ထောင်စုနှင့်ပြည်နယ်များအကြား အာဏာခွဲဝေရေးကို ပီပြင်စွာ မဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ပါသည်။

ထိုပြဿနာ (၂) ခုမှာ ခွဲခြားမရအောင် ဆက်စပ်နေပါသည်။ ပြည်နယ်များကို လုံလောက်သော အာဏာမပေးသောကြောင့် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ခွဲဝေပိုင်းခြား၍ သီးခြားစီကျင့်သုံးရမည့် အာဏာလည်း မရှိခဲ့ပေ။ ထို့ကြောင့် ပင်လုံစာချုပ်အရဖွဲ့စည်းထူထောင်ခဲ့သော ပြည်ထောင်စုကြီးသည် ပြည်ထောင်စုစနစ်မှ သွေဖည်၍ အမျိုးသားနိုင်ငံတော်အသွင်ဆောင်သော တပြည်ထောင်စနစ်နှင့် ရောစပ်ထားသည့် အတုအယောင်ပြည်ထောင်စုဖြစ်သွားခဲ့ပါသည်။ အနှစ် (၇၀) ကျော် ပြည်တွင်းစစ်ကို ရပ်စဲ၍ ပြည်ထောင်စုကြီးကို ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အာမခံချက်ပေးနိုင်သည့် ပြည်ထောင်စုကြီးအဖြစ် ပြန်လည်တည်ဆောက်ရာတွင် အထက်ဖော်ပြပါ ပြဿနာ (၂) ရပ်ကို ပထမဦးဆုံး ဖြေရှင်းရန် လိုအပ်မည်ဖြစ်ပါသည်။

ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို နိုင်ငံရေးအာဏာ အလုံအလောက်အပ်နှင်းခြင်းပင်ဖြစ်ပါသည်။ ဖက်ဒရယ်စနစ်တွင် ပြည်နယ်များကို နိုင်ငံရေးအာဏာအပ်နှင်းသည့်နည်းလမ်း နှစ်ခုရှိပါသည်။ ပထမနည်းလမ်းမှာ "ကိုယ်ပိုင်အုပ်ချုပ်ခြင်း" (Self-rule) နှင့် "အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း" (Shared-rule) ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဘောင်အတွင်း ပြည်နယ်များအား ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ ကျင့်သုံးပိုင်ခွင့်ကို အပ်နှင်းခြင်းဖြစ်ပါသည်။ ဒုတိယနည်းလမ်းနှင့် ပိုမိုထိရောက်သောနည်းလမ်းမှာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးအပြည့်အဝအပ်နှင်းပြီး ပြည်နယ်များက မိမိတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံး၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခွင့်ရှိခြင်းဖြစ်ပါသည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်နယ်အသီးသီးက အချုပ်အခြာအာဏာ၏ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း "မူ" အရ ကျင့်သုံးပိုင်ခွင့်ရှိကြပါသည်။ ထိုကဲ့သို့ "ကိုယ်ပိုင်အုပ်ချုပ်ခြင်း" နှင့် "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" (၂) ခုစလုံးကို ပူးတွဲကျင့်သုံးခြင်းဖြင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို လုံလောက်သောနိုင်ငံရေးအာဏာအပ်နှင်းနိုင်မည်ဖြစ်ပါသည်။ ယင်းသည် ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Federalism) ချဉ်းကပ်မှုဖြင့် ပြည်ထောင်စုတည်ဆောက်ရေးနည်းလမ်းတရပ်လည်း ဖြစ်ပါသည်။

ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းကို လက်တွေ့ဖော်ဆောင်ကျင့်သုံးရာတွင် နိုင်ငံရေးဆိုင်ရာဖက်ဒရယ်စနစ် (Political Federalism) နှင့် ဘဏ္ဍာရေးဆိုင်ရာဖက်ဒရယ်စနစ် (Fiscal Federalism) တို့ကို ချိတ်ဆက်ဆောင်ရွက်ရန်လိုမည်ဖြစ်ပါသည်။ နိုင်ငံရေးဆိုင်ရာဖက်ဒရယ်စနစ်အရ နိုင်ငံရေးအာဏာခွဲဝေကျင့်သုံးခြင်း (Division of Powers) နှင့် ဘဏ္ဍာရေးဆိုင်ရာဖက်ဒရယ်စနစ်ကို အခြေခံ၍ လုပ်ပိုင်ခွင့်၊ တာဝန်နှင့် အကျိုးအမြတ်ခွဲဝေသုံးစွဲခြင်း (Division of Competency) ကို ဟန်ချက်ညီဆောင်ရွက်ရန် လိုအပ်ပါသည်။ နိုင်ငံရေးဆိုင်ရာဖက်ဒရယ်စနစ်အရ အာဏာခွဲဝေကျင့်သုံးခြင်းဟုဆိုရာ၌ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာသုံးရပ်ကို ခွဲဝေကျင့်သုံးခြင်းဖြစ်ပါသည်။ ဖက်ဒရယ်စနစ်တွင် နိုင်ငံရေးအာဏာခွဲဝေကျင့်သုံးခြင်းကို နည်းလမ်း (၂) မျိုးဖြင့် ဖော်ဆောင်ကျင့်သုံးကြပါသည်။ ယင်းတို့မှာ–

(၁) အချိုးတူဖက်ဒရယ်စနစ် (Symmetry Federalism)

(၂) အချိုးမတူဖက်ဒရယ်စနစ် (Asymmetry Federalism) တို့ဖြစ်ပါသည်။

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (အစိတ်အပိုင်း-၁) အခန်း (၄)၊ အပိုင်း (၂) နံပါတ် (၂) တွင် "ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့်ဖွဲ့စည်းသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် များအားလုံး (ဖက်ဒရယ်ယူနစ်အားလုံး) တို့သည် နိုင်ငံရေးအရ တန်းတူသည်။" ဟူ၍လည်း ကောင်း၊ အပိုင်း (၃) နံပါတ် (၂) တွင် "ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ ဖြင့် ဖွဲ့စည်းသည်။" ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပြီးဖြစ်သောကြောင့် မိမိတို့ရွေးချယ်ထား သောဖက်ဒရယ်စနစ်သည် "အချိုးတူဖက်ဒရယ်စနစ်" (Symmetry Federalism) ဖြစ်ပါ သည်။ ထို့ကြောင့် နိုင်ငံရေးအရ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံး ရာတွင်လည်း "အချိုးတူဖက်ဒရယ်စနစ်" ဖြင့် ဖော်ဆောင်ကျင့်သုံးရမည်ဖြစ်သည်။

ဘဏ္ဍာရေးဆိုင်ရာဖက်ဒရယ်စနစ် (Fiscal Federalism) ကို ကျင့်သုံး၍ ပြည်ထောင်စု နှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးရာတွင် "အချိုးကျစနစ်" (Proportional-ity) ကိုသာ ကျင့်သုံးရမည်ဖြစ်သည်။ သို့မှသာ ဘဏ္ဍာရေးဆိုင်ရာဖက်ဒရယ်စနစ် အရ ဘဏ္ဍာ ငွေ ခွဲဝေခြင်းသာမကနှင့် သယံဇာတနှင့် သဘာဝရင်းမြစ်များခွဲဝေမှု (Revenue Sharing) တို့ကို ဆောင်ရွက်သောအခါ ပြည်နယ်တခုနှင့်တခုအကြား လူဦးရေအထူအပါးကွာခြားချက်၊ နယ်မြေအကျယ်အဝန်း၊ ပထဝီအနေအထားနှင့် ပြည်နယ်တခုချင်းစီ၏ တိုးတက်ဖွံ့ဖြိုးမှုတို့ ကို ချိန်ဆပြီး ဘဏ္ဍာဆိုင်ရာ သာတူညီမျှမှု (Fiscal Equalization) ကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာဖက်ဒရယ်စနစ် (ဖက်ဒရယ်ဘဏ္ဍာရေးစနစ်) သည် ပြည်ထောင်စု နှင့်ပြည်နယ်များအကြားအာဏာခွဲဝေကျင့်သုံးရာတွင် သက်ဆိုင်ရာအစိုးရများအနေဖြင့် တရား မျှတသော ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှု၊ သယံဇာတခွဲဝေမှု၊ ဝင်ငွေစီးဆင်းမှုနှင့် စီးပွားရေးတည်ငြိမ် မှုတို့ကို ဖက်ဒရယ် ပြည်ထောင်စု၏ အခြေခံမူများနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်း မြင်သာရှိခြင်းတို့ဖြင့် စနစ်တကျ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက်ဖြစ်ပါသည်။

ဘဏ္ဍာရေးဆိုင်ရာဖက်ဒရယ်စနစ် (ဖက်ဒရယ်ဘဏ္ဍာရေးစနစ်) ကို ဖော်ဆောင်ကျင့် သုံးခြင်းသည် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ဘဏ္ဍာရေးအရ အာဏာခွဲဝေကျင့်သုံး ခြင်းဖြစ်ပါသည်။ ယင်းကိစ္စကို စနစ်တကျဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအသီးသီးတို့သည် လုံလောက်သော ဘဏ္ဍာငွေများ ရရှိနိုင်မည်ဖြစ်ပြီး အုပ်ချုပ် ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကိုလည်း ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ဘဏ္ဍာရေးဆိုင်ရာအာဏာခွဲဝေကျင့်သုံးခြင်းကို စနစ် တကျ ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအခွန်ကောက်ခံမှုနည်းလမ်းများအနက် မိမိတို့

တိုင်းပြည်၏ အခြေအနေနှင့်အကိုက်ညီဆုံးနည်းလမ်းကို ရွေးချယ်ကြရမည်ဖြစ်ပါသည်။ ယင်းတို့မှာ–

(၁) ပြည်ထောင်စုက အခွန်ဘဏ္ဍာ အားလုံးကို ကောက်ခံပြီး ပြည်နယ်များကို မျှဝေပေးသည့်စနစ်၊

(၂) ပြည်ထောင်စုနှင့် ပြည်နယ်များက အခွန်ငွေကို ပူးပေါင်းကောက်ခံပြီး အတူတကွ မျှဝေသုံးစွဲသည့်စနစ်၊

(၃) ပြည်ထောင်စုနှင့် ပြည်နယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် သီးခြားစီ ကောက်ခံပြီး သီးခြားစီသုံးစွဲသည့်စနစ်၊

(၄) ပြည်ထောင်စုနှင့် ပြည်နယ်များက သီးခြားစီ အခွန်ကောက်ခံသည့်ကဏ္ဍများရှိသလို၊ ကဏ္ဍအများစုတွင် အခွန်ငွေများကို ပူးပေါင်းကောက်ခံပြီး အတူတကွ မျှဝေသုံးစွဲသည့်စနစ်၊

(၅) Full Fiscal Autonomy ဟု ခေါ်သည့် ပြည်နယ်များက အခွန်ကောက်ခံခွင့်အာဏာရှိပြီး သက်ဆိုင်ရာပြည်နယ်အသီးသီး၏ ကုန်ကျစရိတ်အားလုံးကိုလည်း ပြည်နယ်များက တာဝန်ယူသည့်စနစ်။ ထိုစနစ်တွင် ပြည်ထောင်စုက အခွန်ကောက်ခံခွင့်မရှိပေ။ ပြည်နယ်များက ထည့်ဝင်သည့်ဘဏ္ဍာငွေဖြင့် ပြည်ထောင်စု ရပ်တည်သည်။ Confederation စနစ်နှင့် အလွန်နီးစပ်၍ ကျင့်သုံးသည့်နိုင်ငံ မရှိသလောက်နည်းပါးသည်။

**မှတ်ချက်။** လက်ရှိအမျိုးသားညီညွတ်ရေးအစိုးရသည် နံပါတ် (၄) စနစ်ကိုကျင့်သုံးသည်။

ဘဏ္ဍာရေးဆိုင်ရာဖက်ဒရယ်စနစ် (ဖက်ဒရယ်ဘဏ္ဍာရေးစနစ်) ကို ဖော်ဆောင်ကျင့်သုံးရာတွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အောက်ပါကဏ္ဍများတွင် လုပ်ပိုင်ခွင့်အာဏာသတ်မှတ်ခြင်းနှင့် လိုအပ်သောဥပဒေ ပြဋ္ဌာန်းကျင့်သုံးခြင်းကိုလည်း ဆောင်ရွက်ရပါမည်။

(၁) ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အခွန်ဘဏ္ဍာဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ သတ်မှတ်ခြင်း၊

(၂) အခွန်ဘဏ္ဍာ (Tax ), ချေးငွေ (Loan), ငွေကြေးအကူအညီ (Grant) နှင့် ထောက်ပံ့ငွေ (Aid) ဆိုင်ရာလုပ်ပိုင်ခွင့်အာဏာများကို သတ်မှတ်ခြင်း၊

(၃) ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ပိုင်ခွင့်အာဏာများ သတ်မှတ်ခြင်း၊

(၄) သဘာဝနှင့် သယံဇာတဆိုင်ရာ ဝင်ငွေ ခွဲဝေမှုအာဏာများ သတ်မှတ်ခြင်း၊

(၅) အသုံးစရိတ်ဆိုင်ရာလုပ်ပိုင်ခွင့်အာဏာများ သတ်မှတ်ခြင်း စသည်တို့ ဖြစ်ပါသည်။

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြားအာဏာခွဲဝေကျင့်သုံးခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ကြပါသည်။ ယင်းတို့မှာ–

(၁) ပြည်ထောင်စုအစိုးရကို သီးသန့်ကျင့်သုံးရန် အပ်နှင်းရမည့် လုပ်ပိုင်ခွင့်အာဏာများ၊

(၂) ပြည်နယ်အစိုးရက သီးသန့်ကျင့်သုံးရမည့်အာဏာများ (သို့မဟုတ်) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို လုံလောက်သော နိုင်ငံရေးအာဏာများ အပ်နှင်းခြင်း

(၃) ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ပူးတွဲကျင့်သုံးရမည့်အာဏာများ၊

(၄) ကြွင်းကျန်သောအာဏာများ ဟူ၍ဖြစ်ပါသည်။

## (၁)

## ပြည်ထောင်စုအစိုးရကို သီးသန့်ကျင့်သုံးရန် အပ်နှင်းရမည့်လုပ်ပိုင်ခွင့်အာဏာများ

ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုကြီးကို ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံးနှင့်တကွ ထိုပြည်နယ်များအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတရပ်လုံးက စုပေါင်းပိုင်ဆိုင်ထားပါသည်။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များက စုပေါင်းပိုင်ဆိုင်ထားသော ပြည်ထောင်စုကြီးကို ''အတူတကွပူးပေါင်းအုပ်ချုပ်'' ရန်လည်း ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အားလုံးတွင် တာဝန်ရှိပါသည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အခြေခံအင်္ဂါရပ်ကြီးတခုဖြစ်သော ''အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း'' (Shared-rule) အရ၊ ပြည်ထောင်စုကြီးကို စုပေါင်းအုပ်ချုပ်နိုင်ရေးအတွက် သီးသန့်အာဏာများကို ပြည်ထောင်စုထံသို့ ပြည်နယ်များက အာဏာ အပ်နှင်းထားရန် လိုအပ်ပါသည်။ သို့မှသာ ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ပြည်ထောင်စုက ပြည်နယ်များကို လိုအပ်သောအာဏာများ လိုအပ်သလိုခွဲဝေပေးခြင်းနှင့် အခြားတဘက်တွင် ပြည်နယ်များက စုပေါင်း၍ ပြည်ထောင်စုကို လိုအပ်သောအာဏာ အပ်နှင်းခြင်းဆိုသော စနစ်နှစ်ခုကို မျှတစွာ ပေါင်းစပ်ကျင့်သုံးသည့် စနစ်ဖြစ်ကြောင်း အဓိပ္ပာယ်ပေါ် လွင်ထင်ရှားနိုင်မည် ဖြစ်ပါသည်။

ယေဘုယျအားဖြင့် အောက်တွင်ဖော်ပြထားသော အကြောင်းအရာများနှင့် သက်ဆိုင်သည့်ကိစ္စများတွင်သာလျှင် ပြည်ထောင်စုအစိုးရ၌လုပ်ပိုင်ခွင့်အာဏာများရှိသင့်သည်။

(က) ပြည်နယ်များက သီးခြားစီ မဟုတ်ဘဲ ပြည်ထောင်စုအတိုင်းအတာဖြင့် စုပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ။

(သို့မဟုတ်)

(ခ) ပြည်ထောင်စုတခုလုံးအတွင်း တူညီစွာ (တပြေးညီ) ကျင့်သုံးရမည့် ကိစ္စရပ်များ။

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပြည်ထောင်စုကြီးကို စုပေါင်းအုပ်ချုပ်နိုင်ရန် မရှိမဖြစ် အပ်နှင်းမည့်အာဏာများမှာ–

(၁) ပြည်ထောင်စုကာကွယ်ရေး၊

(၂) နိုင်ငံခြားရေး၊

(၃) ငွေဒင်္ဂါးနှင့် ငွေစက္ကူထုတ်လုပ်ခြင်း၊

(၄) ပြည်ထောင်စုတဝှန်းလုံးတွင်ကျင့်သုံးရမည့်အလေးချိန်နှင့် ချိန်ခွင်တိုင်းတာရေးစနစ်များ၊

(၅) စာတိုက်၊ ကြေးနန်းနှင့် အခြားဆက်သွယ်ရေးစနစ်များ၊

(၆) ပြည်ထောင်စုအတိုင်းအတာဖြင့်ကောက်ယူရမည့်အကောက်ခွန်စနစ်၊

(၇) လူဝင်မှုကြီးကြပ်ရေးနှင့် သန်းခေါင်စာရင်း စသည့်ကိစ္စရပ်များ ပါဝင်သည်။

## (၂)

## ပြည်နယ်အစိုးရက သီးသန့်ကျင့်သုံးရမည့်အာဏာများ (သို့မဟုတ်) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို လုံလောက်သော နိုင်ငံရေးအာဏာများ အပ်နှင်းခြင်း

ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self-rule) နှင့် အတူတကွပူးပေါင်းအုပ်ချုပ်ခြင်း (Shared-rule) တို့ကို ပေါင်းစပ်ထားသောစနစ်ဖြစ်သောကြောင့် ခိုင်မာတောင့်တင်းသော ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်ဖြစ်သော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) ကို လုံလောက်သော နိုင်ငံရေးအာဏာများ အပ်နှင်းရန် လိုအပ်ပါသည်။ ထိုလိုအပ်ချက်များကို အောက်ပါအတိုင်း တဆင့်ပြီးတဆင့် တင်ပြသွားမည် ဖြစ်ပါသည်။

**(က) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ် (ဖက်ဒရယ်ယူနစ်) များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခွင့်**

ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း "မူ" အရ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ကျင့်သုံးပိုင်ခွင့်ရှိသော အချုပ်အခြာအာဏာ၏ ခက်မ သုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို သက်ဆိုင်ရာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအတိုင်း ကျင့်သုံးဖော် ဆောင်နိုင်ပါသည်။

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးက သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အချုပ်အခြာအာဏာသုံးရပ်ကို ကျင့်သုံးရာတွင် ပုံမှန်အား ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိကြပါသည်။

(၁) လူမျိုးအမည်ဖြင့်ဖြစ်စေ၊ ပထဝီအမည်ဖြင့်ဖြစ်စေ ဖွဲ့စည်းထူထောင်ထား ကြသည့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ တိုင်းရင်းသားလူမျိုး များ၏စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းဥပဒေနှင့် အမျိုးသား လက္ခဏာ အစရှိသည့် ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Cultural Self-determination) ကို အာမခံချက်ပေးခြင်း၊

(၂) ပြည်နယ်သားများ၏ အခြေခံအခွင့်အရေး၊ ရပိုင်ခွင့်နှင့် တာဝန်များကို အာမခံချက်ပေးခြင်း၊

(၃) ပြည်နယ်လူထုကိုယ်စားလှယ်များဖြင့် ပြည်နယ်လွှတ်တော်၊ ပြည်နယ် အစိုးရ၊ ပြည်နယ်တရားရုံးများတွင် တာဝန်ထမ်းဆောင်မည့်ကိုယ်စားလှယ် များကို ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်များ ဖွဲ့စည်းတာဝန်ပေးခြင်း၊

(၄) ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အစိုးရ ရွေးကောက်တင်မြှောက်ခြင်း၊ တရားသူကြီးများကို တာဝန်ပေးအပ်ခြင်း၊

(၅) လူနည်းစုများ၏ အခွင့်အရေးကို ကာကွယ်ခြင်း၊

(၆) ဒေသန္တရအစိုးရများကို ဖွဲ့စည်းထူထောင်ခြင်း၊

(၇) ပြည်နယ်ဘဏ္ဍာရေးစနစ်ကို ထူထောင်ခြင်းနှင့် ဖော်ဆောင်ခြင်း၊

(၈) ပြည်နယ်ဝန်ထမ်းများခန့်ထားခြင်း၊ လေ့ကျင့်ရေးကျောင်းများ ဖွင့်လှစ်ခြင်း၊

(၉) ပြည်နယ်လူမှုဖူလုံရေး

(၁၀) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြားနှင့် ပြည်နယ်အစိုးရ

အချင်းချင်းအကြား ဆက်ဆံရေးတည်ဆောက်ခြင်း (Intergovermental Relations) စသည်တို့ ပါဝင်သည်။

**(ခ) ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုပိုင်ခွင့်အာဏာများ**

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ သီးခြားပြဋ္ဌာန်းပိုင်ခွင့်ရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်သောကြောင့် ပြည်နယ်လွှတ်တော်များသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက စုပေါင်းဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်ထံသို့ အပ်နှင်းထားသော ဥပဒေပြုရေးအာဏာများမှအပ ကျန်ရှိသောကိစ္စရပ်များအားလုံးတွင် ဥပဒေပြုပိုင်ခွင့်အာဏာများ ရှိရမည်ဖြစ် ပါသည်။

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ ဥပဒေပြုပိုင်ခွင့်အာဏာများကို အကြမ်းအားဖြင့်နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပါသည်။ ယင်းတို့မှာ–

(၁) သမိုင်းကြောင်းအရ တည်ရှိပြီးသားလူမျိုးကိုအခြေခံသော အမျိုးသားပြည်နယ်များတွင် တိုင်းရင်းသားလူမျိုးများအလိုက် ခံစားသင့်ခံစားထိုက်သော လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးနှင့်သက်ဆိုင်သောကိစ္စရပ်များအတွက် ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများနှင့်

(၂) လူမျိုးကိုအခြေခံသော အမျိုးသားပြည်နယ်များတွင်ဖြစ်စေ၊ လူမျိုးပေါင်းစုံရောနှောနေထိုင်သည့် ပထဝီကိုအခြေခံသော ပြည်နယ်များတွင်ဖြစ်စေ၊ ထိုပြည်နယ်များအတွင်းရှိ ပြည်သူလူထုတရပ်လုံး၏ ဘဝလုံခြုံရေး၊ ငြိမ်းချမ်းသာယာရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်များနှင့် သက်ဆိုင်သောကိစ္စရပ်များအတွက် ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများပင် ဖြစ်ပါသည်။

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ (ဖက်ဒရယ်ယူနစ်) ၏ ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းကျင့်သုံးနိုင်သောဥပဒေများသည် အကြမ်းအားဖြင့် အောက်ပါကိစ္စရပ်များ ဖြစ်ပါသည်။

(၁) တိုင်းရင်းသားလူမျိုးများက မိမိတို့၏ ဓလေ့ထုံးစံ၊ ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှု စသည်တို့ကို အခြေခံ၍ လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့် ရရှိရေးအတွက် ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများ၊

(၂) တိုင်းရင်းသားလူမျိုးများက မိမိတို့၏စာပေ၊ ယဉ်ကျေးမှုနှင့် အမျိုးသားရေးလက္ခဏာများကို ကာကွယ်ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် လိုအပ်သောစာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခွင့်၊ ယဉ်ကျေးမှုပြတိုက်နှင့်အမွေအနှစ်

ထိန်းသိမ်းခွင့်၊ ရိုးရာဓလေ့ထုံးစံနှင့်စပ်ဆိုင်သည့် အဆို၊ အတီး၊ အကပညာ သင်ကျောင်းများ ဖွင့်လှစ်ခွင့် စသည်တို့အတွက် ပြဋ္ဌာန်းရန်လိုအပ်သော ဥပဒေများ၊

(၃) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် အမျိုးသား လက္ခဏာများ ထိန်းသိမ်းမြှင့်တင်ရေးနယ်ပယ်တွင် လွတ်လပ်စွာ ဖန်တီး ဆောင်ရွက်နိုင်ရန်အတွက် သတင်းစာ၊ ဂျာနယ်နှင့် စာအုပ်စာတမ်းများ လွတ်လပ်စွာ ထုတ်ဝေခွင့်၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များ လွတ်လပ်စွာ ထုတ်လွှင့် ခွင့်စသည်တို့နှင့် စပ်လျဉ်း၍ ကာကွယ်ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများ၊

(၄) ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်များ၏ ဘဝလုံခြုံရေးနှင့် ငြိမ်းချမ်း သာယာရေးအတွက်အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာ ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝရင်းမြစ်များနှင့် ဓာတ်သတ္တုများ တူးဖော် ထုတ်လုပ်ရေး စသည့်ကိစ္စရပ်များအတွက် ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေ များ ဟူ၍ဖြစ်ပါသည်။

## (ဂ) ပြည်နယ်အစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာများ

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ကျင့်သုံးပိုင်ခွင့်ရှိသော လုပ်ပိုင်ခွင့်နှင့် တာဝန်များအပြင် သက်ဆိုင် ရာ ပြည်နယ်လွှတ်တော်က အခါအားလျော်စွာ ပြဋ္ဌာန်းထားသောဥပဒေများနှင့်အညီ ပြည်နယ် အစိုးရအသီးသီး အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက် နိုင်သည်။ လက်ရှိတော်လှန်ရေးကာလတွင် အောက်ပါလုပ်ပိုင်ခွင့်အာဏာများကို အနိမ့်ဆုံး အနေဖြင့် ဦးစားပေးဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါသည်။

(၁) မူလတန်းမှစ၍ အထက်တန်းကျောင်းအဆင့်အထိ ပညာရေးစနစ် (ယင်း တို့တွင် တိုင်းရင်းသားစာပေများ သင်ကြားပို့ချခွင့်ပါဝင်ရမည်။)၊

(၂) ပြည်နယ်တက္ကသိုလ်များ ဖွင့်လှစ်သင်ကြားခွင့်၊

(၃) ကျန်းမာရေး (ဆေးရုံများ တည်ဆောက်ခွင့်သာမက၊ သူနာပြုကျောင်းများ ပါ သင်ကြားဖွင့်လှစ်ခွင့်)၊

(၄) ပြည်နယ်ရဲတပ်ဖွဲ့များ ဖွဲ့စည်းထူထောင်ခွင့်နှင့် ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတို့ကို စီမံဆောင်ရွက်ခွင့်၊

(၅) သက်ဆိုင်ရာပြည်နယ်အတွင်း တိုင်းရင်းသားဘာသာစကားဖြင့် သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြားနှင့် အခြားစာအုပ်စာပေထုတ်ဝေရေးလုပ်ငန်းကို ပြည်နယ်အတွင်း လိုင်စင်ထုတ်ပေးခွင့်၊

(၆) သက်ဆိုင်ရာပြည်နယ်များအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းမြှင့်တင်ရေးအတွက် ယဉ်ကျေးမှုကျောင်းများဖွင့်လှစ်ခွင့်၊ အဆိုအကအတီး သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားခွင့်၊

(၇) လူမျိုးကို အခြေခံ၍ ဖွဲ့စည်းထားသော အမျိုးသားပြည်နယ်များတွင် တိုင်းရင်းသားလူမျိုးများက မိမိတို့၏ ဘိုးဘွားပိုင်နယ်မြေနှင့် လူမျိုးပိုင်နယ်နိမိတ်အတွင်းရှိ သဘာဝပတ်ဝန်းကျင်နှင့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို ထိန်းသိမ်းကာကွယ်ထုတ်ယူသုံးစွဲခွင့်၊ ရောင်းဝယ်ဖောက်ကားခွင့်၊ အခွန်ကောက်ယူခွင့်များကို ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်– စသည့်အခွင့်အရေးများကို ပြည်နယ်အစိုးရများအား အပ်နှင်းထားရမည်။

(ဃ) တရားစီရင်ရေးအာဏာ

(၁) တရားစီရင်ရေးဆိုင်ရာအခြေခံမူ

ဖက်ဒရယ်ပြည်ထောင်စုတွင်ဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များတွင်ဖြစ်စေ၊ တရားဥပဒေစိုးမိုးရေးနှင့် လွတ်လပ်သောတရားစီရင်ရေး စနစ်တကျဖော်ဆောင်ကျင့်သုံးနိုင်ရေးအတွက် အောက်ပါတရားစီရင်ရေးဆိုင်ရာအခြေခံမူများကို လိုက်နာကြရမည်။

(က) လွတ်လပ်သော တရားစီရင်ရေးစနစ်ကို ကျင့်သုံးရမည်။

(ခ) ပြည်ထောင်စုတရားစီရင်ရေးနှင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ တရားစီရင်ရေးကို သီးခြားစီ ဖွဲ့စည်းထူထောင်ရမည်။

(ဂ) ပြည်ထောင်စုတရားစီရင်ရေးအာဏာသည် ပြည်ထောင်စုတရားရုံးများတွင် တည်ရှိပြီး၊ ပြည်နယ်တရားစီရင်ရေးအာဏာများသည် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ တရားရုံးများတွင် တည်ရှိသည်။

(ဃ) ပြည်ထောင်စုတရားရုံးများ၏ တရားစီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်း၍ ဖက်ဒရယ်အထက်လွှတ်တော်ကသော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့

ဝင်ပြည်နယ်များ၏ တရားစီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကသော်လည်းကောင်း အသီးသီး သတ်မှတ်ပြဋ္ဌာန်းရမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်ပိုင်ခွင့်အာဏာ

(က) ဖက်ဒရယ်ပြည်ထောင်စုတရားစီရင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထောင်စုတရားရုံးများကို ဖွဲ့စည်းထူထောင်သွားမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်မှုအာဏာသည် ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တရားရုံးများတွင် တည်ရှိပြီး ပြဋ္ဌာန်းထားသော စီရင်ပိုင်ခွင့် နယ်ပယ်အတွင်းတွင် အမြင့်ဆုံးသော စီရင်ပိုင်ခွင့်အာဏာရှိသည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုတရားစီရင်ရေးအာဏာကို ဖက်ဒရယ်ပြည်ထောင်စု တရားရုံးများတွင် ကျင့်သုံးပိုင်ခွင့်ရှိပြီး လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ် ဖြစ်စေရမည်။

(၃) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ တရားစီရင်ရေး

(က) ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ တရားစီရင်ရေးကို သက်ဆိုင်ရာ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေ အသီးသီးတွင် ရေးဆွဲပြဋ္ဌာန်းရမည်။

(ခ) ပြည်နယ်/ ဖက်ဒရယ်ယူနစ် တရားစီရင်ရေးအတွက် ပြည်နယ်/ ဖက်ဒရယ် ယူနစ်နှင့် ဒေသန္တရ အဆင့်တရားရုံးများကို အဆင့်ဆင့် ဖွဲ့စည်းထူထောင် သွားမည်။

(ဂ) အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော် ချုပ်တို့အတွက် ပြဋ္ဌာန်းထားသော စီရင်ပိုင်ခွင့်အာဏာများမှအပ ကျန်ရှိသော စီရင်ပိုင် ခွင့်အာဏာများသည် ပြည်နယ်/ ဖက်ဒရယ်ယူနစ် တရားရုံးများတွင် တည်ရှိရမည်။

(ဃ) ပြည်နယ်/ ဖက်ဒရယ်ယူနစ် တရားလွှတ်တော်ချုပ်များသည် ပြည်နယ်/ ဖက်ဒရယ်ယူနစ်အဆင့်တွင် ပြဋ္ဌာန်းထားသော စီရင်ပိုင်ခွင့်နယ်ပယ်အတွင်း တွင် အမြင့်ဆုံးသော စီရင်ပိုင်ခွင့်အာဏာရှိသည်။

## (၃)

## ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများအကြား ပူးတွဲကျင့်သုံးရမည့်အာဏာများ

ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် စုပေါင်းအုပ်ချုပ်ခြင်းတို့ ပေါင်းစပ်ထားသောကြောင့် ထိုစနစ်တွင် အနည်းဆုံး အစိုးရ (၂) ရပ်ရှိပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခြင်းကို စီမံခန့်ခွဲမည့် ပြည်နယ်အစိုးရများနှင့် စုပေါင်းအုပ်ချုပ်ခြင်းကို စီမံခန့်ခွဲမည့် ပြည်ထောင်စုအစိုးရတို့ပင် ဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့သည် မိမိတို့နှင့်သက်ဆိုင်သည့် အစိုးရလုပ်ပိုင်ခွင့်နှင့်အာဏာများတွင် တာဝန်အရှိဆုံးအစိုးရများဖြစ်ကြပါသော်လည်း၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများသည် ပြည်ထောင်စုတခုအတွင်းရှိ ပူးတွဲရပ်တည်သော အစိုးရများသာဖြစ်သောကြောင့် ပြည်ထောင်စုတဝှန်းလုံးနှင့်သော်လည်းကောင်း၊ ပြည်နယ်အသီးသီးနှင့်သော်လည်းကောင်း တနိုင်ငံလုံးကို လွှမ်းခြုံသည့် အရေးအရာကိစ္စရပ်များကို ပူးတွဲတာဝန်ယူ ထမ်းဆောင်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ ပူးတွဲကျင့်သုံးမည့်အာဏာများသတ်မှတ်ထားခြင်းသည် ဖက်ဒရယ်စနစ်၏အရေးကြီးသောအင်္ဂါရပ်တခု ဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရနှင့်ပြည်နယ်အစိုးရများပူးတွဲကျင့်သုံးရမည့်အာဏာများအနက် အောက်ပါတို့ကို ဥပမာအားဖြင့် ဖော်ပြအပ်ပါသည်။

(၁) ပညာရေး– တက္ကသိုလ်နှင့်ဘွဲ့လွန်အဆင့်ပညာရေးဆိုင်ရာကိစ္စရပ်များ၊

(၂) ကျန်းမာရေး– ပြည်နယ်တခုချင်းစီအနေဖြင့် သီးခြားဆောင်ရွက်၍ မရသောအဆင့်မြင့်ဆေးရုံများ၊ ဆေးဘက်ဆိုင်ရာသုတေသနလုပ်ငန်းများနှင့် ကူးစက် ပြန့်ပွားတတ်သောရောဂါများ တနိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ရမည့်ကိစ္စရပ်များ၊

(၃) လူမှုရေး– ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ ပြည်နယ်တခုနှင့် တခုအကြား လူနေမှုအဆင့်အတန်း ကွာခြားချက် နည်းပါးစေရန် ပြည်ထောင်စုအစိုးရနှင့်ပြည်နယ်များ ညှိနှိုင်း၍ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊

(၄) ပြည်ထောင်စုလမ်းမကြီးများ– ပြည်နယ်တခုနှင့် တခုအကြားသော်လည်းကောင်း၊ ပြည်နယ်များစွာကိုလည်းကောင်း ဖြတ်သန်း၍ ပြည်နယ်တခုချင်းစီအနေဖြင့် ဆောင်ရွက်၍မရသော ကုန်းလမ်း၊ ရေလမ်းအပါအဝင် ပြည်ထောင်စုလမ်းမကြီးများကိစ္စ၊

(၅) ပြည်သူ့ရဲတပ်ဖွဲ့နှင့် ပြည်ထောင်စုရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေး– ဖက်ဒရယ်ပြည်ထောင်စုတွင် ပြည်နယ်အသီးသီးက မိမိတို့ပြည်နယ်လုံခြုံရေး

အတွက် ရဲတပ်ဖွဲ့များကို ဖွဲ့စည်းပိုင်ခွင့်ရှိရမည်ဖြစ်သော်လည်း ပြည်နယ်တခု၏ နယ်နိမိတ်ဘောင်ကိုကျော်၍ ဖြစ်ပွားသောမှုခင်းများ၊ ပြည်နယ်တခုမှ တခုထဲသို့ ထွက်ပြေးတိမ်းရှောင်သောရာဇဝတ်မှုကျူးလွန်သည်ဟုစွပ်စွဲခံရသူများကိစ္စကို ပြည်ထောင်စု ရဲတပ်ဖွဲ့များ၊ ပြည်နယ်ရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်၍ ပြည်ထောင်စုတရားရုံးမှ တရားစီရင်ချက် ချမှတ်ရမည့်ကိစ္စရပ်များ၊

(၆) သဘာဝဘေးဒဏ်များဖြစ်သည့်ရေကြီးခြင်း၊ တောင်ပြိုခြင်း၊ မီးလောင်ခြင်း မြေငလျင်လှုပ်ခြင်း၊ မုန်တိုင်းများတိုက်ခတ်ခြင်း စသည်တို့ကြောင့် ကြီးမားစွာ သက်ရောက်မှုရှိသော ဘေးဒဏ်ကိစ္စရပ်များ၊

(၇) နိုင်ငံတကာအကူအညီရယူခြင်း- ပြည်နယ်တခုချင်းစီ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထိုပြည်နယ်မှ လိုအပ်သောအရင်းအနှီးများကို ကမ္ဘာ့ငွေကြေးအဖွဲ့အစည်း (ဥပမာ- ကမ္ဘာ့ဘဏ်၊ IMF နှင့် ADB) ထံမှအကူအညီရယူရာတွင်ပြည်နယ်နှင့်ပြည်ထောင်စုအစိုးရ ပူးပေါင်း၍ဆောင်ရွက်ရမည့်ကိစ္စရပ်များ

(၈) သဘာဝအရင်းအမြစ်များကို ခွဲဝေခြင်းနှင့် အကောက်အခွန်ကောက်ယူခြင်းဆိုင်ရာကိစ္စရပ်များ စသည်တို့ ဖြစ်သည်။

## (၄)
## ကြွင်းကျန်သောအာဏာများ

ကြွင်းကျန်သောအာဏာများဆိုသည်မှာ- လက်ရှိအချိန်အခါတွင် ဥပဒေပြဋ္ဌာန်းရန် မလိုအပ်သေးသော်လည်း အနာဂတ်လိုအပ်ချက်အရ ရေးသားပြဋ္ဌာန်းရမည့်ဥပဒေနှင့်လုပ်ပိုင်ခွင့်အာဏာများပင်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုအည္ဆွန်းတွင်သော်လည်းကောင်း၊ ပြည်နယ်လွှတ်တော်များ ဥပဒေပြုအည္ဆွန်းတွင်သော်လည်းကောင်း၊ ပြည်ထောင်စုနှင့်ပြည်နယ်များ ပူးတွဲကျင့်သုံးရမည့် ဥပဒေပြုအည္ဆွန်းတွင်သော်လည်းကောင်း ဖော်ပြခြင်းမရှိသေးသော ဥပဒေပြုခြင်းဆိုင်ရာကိစ္စရပ်များ ဖြစ်ပါသည်။

အရပ်စကားဖြင့်ဆိုပါက- မမြင်ရမသိရသေးသော၊ နောက်နောင်တွင် ဖြစ်ပေါ်လာလတ္တံ့သောကိစ္စရပ်များပင်ဖြစ်သည်။ ထို့ကြောင့် ကြွင်းကျန်သောအာဏာကို ပြည်ထောင်စုထံသို့ အပ်နှင်းမည်လော၊ ပြည်နယ်များထံသို့ အပ်နှင်းမည်လောဆိုသည့်ကိစ္စသည် လူမျိုးတမျိုး၏အနာဂတ်ကံကြမ္မာနှင့် ထိုလူမျိုးများနှင့်သက်ဆိုင်သည့် ပထဝီနယ်မြေ၊ ဘိုးဘွားပိုင်နယ်

နှင့် လူမျိုးပိုင်နယ်မြေတို့၏ အရေးကိစ္စကို မည်သူ့ထံအပ်နှင်းမည်နည်းဟူသော ပြဿနာပင် ဖြစ်ပါသည်။

ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုက ပိုင်ဆိုင်သောနယ်မြေနှင့် လူမျိုးဟူ၍ မရှိပေ။ ပြည်ထောင်စုသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့် ပူးပေါင်းဖွဲ့စည်းထားသောကြောင့်၊ ပြည်ထောင်စုက ပိုင်ဆိုင်သောအရာသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသာ ဖြစ်ကြသည်။ ပြည်ထောင်စုက တိုက်ရိုက်ပိုင်ဆိုင်သောနယ်မြေဆို၍ ပြည်နယ်အားလုံးက သဘောတူလွှဲအပ်ထားသော ပြည်ထောင်စုမြို့တော်နယ်နိမိတ်တခုသာ ရှိနိုင်သည်။ ပြည်ထောင်စုအတွင်းရှိ အခြားနယ်မြေများသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက တိုက်ရိုက်ပိုင်ဆိုင်ထားကြပါသည်။

ထိုနည်းတူ ပြည်ထောင်စုတွင် သီးခြားလူမျိုးလည်းမရှိ၊ သီးခြားယဉ်ကျေးမှုလည်း မရှိ၊ သီးခြားဘာသာစကားလည်း မရှိပေ။ ယင်းတို့သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက စုပေါင်းပိုင်ဆိုင်ထားသော ဘုံပိုင်ပစ္စည်းများသာဖြစ်ကြသည်။

ထို့ကြောင့် လူမျိုးတမျိုး၏အနာဂတ်ကံကြမ္မာနှင့် ပြည်နယ်တခုချင်းစီအတွင်း နောက်နောင်တွင် ဖြစ်ပေါ်လာမည့် စီမံခန့်ခွဲရေးဆိုသောကိစ္စဖြစ်သည့် ကြွင်းကျန်သောအာဏာများကို ပြည်ထောင်စုတွင် မထားဘဲ၊ ပြည်နယ်များတွင်သာ အပ်နှင်းထားသင့်ကြောင်း တင်ပြအပ်ပါသည်။ ကြွင်းကျန်သောအာဏာများကို အပ်နှင်းခြင်းဖြင့် ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကို အသိအမှတ်ပြုရာလည်း ရောက်နိုင်ပါသည်။

## ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေခြင်းကို လက်တွေ့ဆောင်ရွက်ရန် အကြံပေးချက်

(၁) ဖက်ဒရယ်စနစ်၏အခြေခံမူဖြစ်သော စုပေါင်းအုပ်ချုပ်ခြင်း (Shared-rule) အရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self-rule) အရဖွဲ့စည်းထားသော ပြည်နယ်များအကြား အာဏာခွဲဝေရေးကို အောက်ပါအတိုင်းကျင့်သုံးရမည်။

- (က) ပြည်ထောင်စုအာဏာ
- (ခ) ပြည်နယ်အာဏာ
- (ဂ) ထပ်တူပြုအာဏာ
- (ဃ) ကြွင်းကျန်အာဏာ

## (၂) ပြည်ထောင်စုအာဏာ

(၁) ဖက်ဒရယ်ပြည်ထောင်စုလက်နက်ကိုင်တပ်ဖွဲ့များနှင့် ပြည်ထောင်စုလုံခြုံရေးဆိုင်ရာအဖွဲ့များ

(၂) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်

(၃) ဖက်ဒရယ်ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့

(၄) ပြည်ထောင်စုလုံခြုံရေးကောင်စီ

(၅) ပြည်ထောင်စုရဲတပ်ဖွဲ့

(၆) လက်နက်နှင့်ပေါက်ကွဲစေတတ်သော ခဲယမ်းမီးကျောက်များထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း

(၇) နိုင်ငံသားများ စစ်မှုထမ်းခြင်း

(၈) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာ စာချုပ်စာတမ်းများ၊ သဘောတူညီချက်များ

(၉) ကုလသမဂ္ဂနှင့် သံတမန်ဆိုင်ရာကိစ္စရပ်များ

(၁၀) နိုင်ငံကူးလက်မှတ်နှင့် လူဝင်မှုကြီးကြပ်ရေး

(၁၁) ငွေစက္ကူထုတ်လုပ်ဖြန့်ချိရေး

(၁၂) ပြည်ထောင်စုဘဏ်

(၁၃) နိုင်ငံတကာကုန်သွယ်ရေးနှင့် ပြည်ထောင်စုအတွင်း ကုန်သွယ်ရေး

(၁၄) သွင်းကုန်ထုတ်ကုန်အခွန်ကောက်ခံခြင်း

(၁၅) ပြည်ထောင်စု စာတိုက်၊ ကြေးနန်းနှင့် ဆက်သွယ်ရေး

(၁၆) အလေးချိန်နှင့် ခြင်တွယ်တိုင်းတာခြင်း

(၁၇) ကူးယူဖြန့်ချိခွင့်၊ နည်းပညာမူပိုင်ခွင့်၊ ဒီဇိုင်းနှင့်တံဆိပ်အမှတ်အသားဆိုင်ရာ

(၁၈) အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ

(၁၉) နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံခြားသားများ နိုင်ငံသားဖြစ်ခြင်း

(၂၀) ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်း

(၂၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(၂၂) ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲစနစ်

**(၃) ပြည်နယ်အာဏာ**

(၁) ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များ ဖွဲ့စည်းခြင်း

(၂) ဒေသန္တရအစိုးရများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် အမျိုးသားနယ်မြေများ ဖွဲ့စည်းခြင်း

(၃) မြေနှင့် သဘာဝသယံဇာတ

(၄) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(၅) ပြည်နယ်အခွန်နှင့် အခွန်ဘဏ္ဍာဆိုင်ရာကိစ္စရပ်များ

(၆) ပြည်နယ်ကုန်သွယ်ရေး

(၇) ပြည်နယ်လမ်းပန်းဆက်သွယ်ရေး

(၈) ပြည်နယ်အခြေခံအဆောက်အုံများ (Infrastructure)

(၉) နေအိမ်၊ ဥပစာ၊ မြေယာ၊ ပိုင်ဆိုင်မှု လွှဲပြောင်းခြင်း

(၁၀) ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ (Cultural Self-Determination)

(၁၁) ပညာရေး

(၁၂) ပြည်နယ် စက်မှုလက်မှုနှင့် နည်းပညာ

(၁၃) ကျန်းမာရေး

(၁၄) ပြည်နယ်လူမှုဖူလုံရေး

(၁၅) စိုက်ပျိုးရေး

(၁၆) မွေးမြူရေး

(၁၇) ပြည်နယ်သားဆိုင်ရာကိစ္စရပ်များ

(၁၈) ပြည်နယ်ဝန်ထမ်းများနှင့် သင်ကြားလေ့ကျင့်ရေး

(၁၉) ပြည်နယ်ရွေးကောက်ပွဲကော်မရှင်

(၂၀) ပြည်နယ်ရွေးကောက်ပွဲစနစ်

(၂၁) ပြည်နယ်တရားရေး (Customary law ကိုအခြေခံသော တရားစီရင်ရေး)

မှတ်ချက်။ ပြည်နယ်အာဏာ အမှတ်စဉ် (၃) နှင့် (၇) အား fiscal federalism, concurrent power စသည်တို့နှင့်ယှဉ်၍ ဆက်လက်ဆွေးနွေးစဉ်းစားရန်

## (၄) ထပ်တူပြုအာဏာ

(၁) ပြည်ထောင်စု အဝေးပြေးကားလမ်းများ၊ ရထားလမ်းများ၊ ရေကြောင်းလမ်းများ၊ ကမ်းရိုးတန်းနှင့် ပင်လယ်ရေကြောင်းသွားလာရေးများနှင့် လေကြောင်းလုပ်ငန်းများ

(၂) ဖက်ဒရယ်ပြည်ထောင်စုအတွင်း ရောင်းဝယ်ခွန်၊ စီးပွားရေးလုပ်ငန်းခွန်၊ အမြတ်ခွန်၊ ယစ်မျိုးခွန်၊ ဆိပ်ကမ်းခွန် အပါအဝင် အကောက်အခွန်ဆိုင်ရာကိစ္စရပ်များ

(၃) အခွန်ဘဏ္ဍာခွဲဝေခြင်း

(၄) ဘဏ်နှင့် အာမခံလုပ်ငန်းများ

(၅) နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့်ဆက်သွယ်ခြင်းဆိုင်ရာများ

(၆) နိုင်ငံခြားရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာကိစ္စရပ်များ

(၇) အလုပ်ချိန်၊ အနိမ့်ဆုံးလုပ်ခ၊ အလုပ်ပိတ်ရက်များနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး စံနှုန်းသတ်မှတ်ချက်များ

(၈) အလုပ်သမားနှင့် တောင်သူလယ်သမားဆိုင်ရာကိစ္စရပ်များ

(၉) ကလေးသူငယ်များ၊ အမျိုးသမီးများ၊ ခြားနားစွမ်းသူများနှင့် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေး

(၁၀) ကလေးများအခွင့်အရေးဆိုင်ရာကိစ္စရပ်များ

(၁၁) အခြေခံပညာကို အခမဲ့သင်ကြားခွင့်

(၁၂) ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်နှင့်အသက်မွေးဝမ်းကျောင်းပညာရေး ဆိုင်ရာကိစ္စရပ်များ

(၁၃) ပြည်ထောင်စုဆိုင်ရာ ကျန်းမာရေးကိစ္စရပ်များ

(၁၄) မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ

(၁၅) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(၁၆) လူဦးရေသန်းခေါင်စာရင်းကောက်ခံခြင်း

(၁၇) ဖွားသေစာရင်း မှတ်ပုံတင်ခြင်း

(၁၈) ရာဇဝတ်မှုဥပဒေနှင့် တရားမကျင့်ထုံးဥပဒေဆိုင်ရာကိစ္စရပ်များ

(၁၉) ဒုက္ခသည်ရေးရာနှင့် နိုင်ငံရေးခိုလှုံခွင့်ဆိုင်ရာကိစ္စရပ်များ

(၂၀) လူထုဆန္ဒဖော်ထုတ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများ

(၂၁) အသင်းအဖွဲ့များနှင့် သမဂ္ဂများဖွဲ့စည်းခြင်း

(၂၂) ဓလေ့ထုံးတမ်းကွဲပြားခြားနားသူများအကြား လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းခြင်းနှင့် အမွေဆက်ခံခြင်း

(၂၃) လူနည်းစုအခွင့်အရေးများကာကွယ်ခြင်း

(၂၄) ဝန်ထမ်းလေ့ကျင့်ရေး

(၂၅) ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းမီဒီယာနှင့် ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာကိစ္စ ရပ်များ

(၂၆) နိုင်ငံရေးပါတီများဆိုင်ရာကိစ္စရပ်များ

(၂၇) နိုင်ငံရေးတာဝန် ထမ်းဆောင်သူပုဂ္ဂိုလ်များ၏ ငွေကြေးနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု

(၂၈) အရေးပေါ်အခြေအနေဆိုင်ရာကိစ္စရပ်များ

(၂၉) ပြည်နယ်သစ်များ ဖွဲ့စည်းခြင်းနှင့် ပြည်နယ်နိမိတ်သတ်မှတ်ခြင်း

(၃၀) ရွေးကောက်ပွဲစနစ်နှင့် မဲဆန္ဒနယ်များ သတ်မှတ်ခြင်း

မှတ်ချက်။ အခြေခံအဆောက်အုံများ (Infrastructure) ကို ဤနေရာ၌ ထည့်သွင်း သင့်– မသင့် ပြန်လည်ဆွေးနွေးသုံးသပ်ရန်။

**(၅) ကြွင်းကျန်အာဏာ**

ဖွဲ့စည်းပုံဥပဒေတွင် သတ်မှတ်ဖော်ပြထားခြင်းမရှိသည့် ကြွင်းကျန်သောအာဏာများကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးက ပိုင်ဆိုင်သည်။

(၆) ထပ်တူဥပဒေပြုအညွှန်းများနှင့်ပတ်သက်လျှင် ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စု တဝန်းလုံးကို လွှမ်းခြုံမည့် မူဘောင်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းရမည်။ ပြည်နယ်များမှ အသေးစိတ်ဥပဒေများပြဋ္ဌာန်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရမည်။

**ဆလိုင်းလျန်မှုန်း**

1. အကန့်အသတ်ရှိသောအစိုးရ ဖွဲ့စည်းရာတွင် လိုအပ်ချက်များစွာရှိပါသည်။ ဥပမာ– အစိုးရသက်တမ်းကို သတ်မှတ်ခြင်းနှင့် ခွဲဝေကျင့်သုံးခြင်းဖြင့် အကန့်အသတ်ရှိသောအစိုးရဖွဲ့စည်းခြင်းဆိုင်ရာကိစ္စများကိုသာ ဆွေးနွေးတင်ပြမည်ဖြစ်ပါသည်။

အခန်း ( ၂ )

# ဖက်ဒရယ်စနစ်များအတွင်း အာဏာခွဲဝေရာတွင် စံပြုစည်းစားချက်များ

## အနှစ်ချုပ် (Executive Summary)


အာဏာခွဲဝေကျင့်သုံးမှုသည် ဖက်ဒရယ်စနစ်များ၏ အဓိကကျသောအင်စတီကျူးရှင်းဆိုင်ရာ လက္ခဏာရပ်ဖြစ်သည်။ မူဝါဒစာတမ်း၊ ဤစာတမ်းသည် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေး အာဏာ၊ တရားရေးအာဏာနှင့် ဘဏ္ဍာရေးဆိုင်ရာအခွင့်အာဏာများကို ပြည်ထောင်စုအဆင့် နှင့် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အဆင့်များအကြား ခွဲဝေသတ်မှတ်ရာတွင် လမ်းညွှန်သဖွယ် ဖြစ်မည့် အခြေခံ စံပြုစည်းစားချက်များကို ရှင်းလင်းတင်ပြထားပါသည်။ နိုင်းယှဉ်ဖက်ဒရယ် သီအိုရီနှင့် လက်တွေ့အတွေ့အကြုံများအပေါ် အခြေခံ၍ အာဏာခွဲဝေမှုအစီအစဉ်များကို သုံးသပ် အကဲဖြတ်ရာတွင် အရေးကြီးသည့် စံနှုန်း (၇) ချက်ကို ဖော်ထုတ်ထားသည်။ ယင်း တို့မှာ—

(၁) ပြည်သူလူထုနှင့် အနီးကပ်ဆုံးအဆင့်က လုပ်ဆောင်နိုင်သည်အထိ လုပ်ပိုင်ခွင့်ပြု သောအခြေခံမှု (Subsidiarity)၊

(၂) ဒီမိုကရေစီရွေးကောက်ပွဲစနစ် (ဒီမိုကရေစီအခြေပြု၍ပြည်သူ့အခြေခံလိုအပ်ချက် များကိုရယူနိုင်ရန် မဲပေးရွေးချယ်နိုင်ခြင်း)

(၃) လူမှုတရားမျှတမှု၊

(၄) လိုအပ်မှုအခြေအနေကိုချိန်ဆ၍ အာဏာခွဲဝေသင့်သော “ကဏ္ဍ” ကို ဖော်ထုတ်ခြင်း

(၅) အရွယ်အစားကြီးလာသည်နှင့်အမျှ ကုန်ကျစရိတ်လျော့ကျလာခြင်းသဘော (Economy of Scale)၊

(၆) ကုန်ကျစရိတ်များနှင့် အကျိုးခံစားခွင့်များကို ကိုယ်တိုင်တာဝန်ယူခံယူနိုင်ရေးမှု (Cost–Benefit Internalization) နှင့်

(၇) အုပ်ချုပ်ရေးကုန်ကျစရိတ်တို့ ဖြစ်ကြသည်။

ထိရောက်သော ဖက်ဒရယ်ဖွဲ့စည်းပုံတစ်ရပ်ကို တည်ဆောက်ရာတွင် ထိရောက်မှု (efficiency)၊ ဒီမိုကရေစီအခြေခံတရားဝင်မှု (democratic legitimacy)၊ အခွင့်တူညီမျှမှု

(equity) နှင့် အဖွဲ့အစည်းဆိုင်ရာ ညီညွတ်စည်းလုံးမှု (institutional coherence) တို့ အကြား သဟဇာတဖြစ်စေသော မျှတမှုကို ရရှိစေရန် လိုအပ်သည်။ တနိုင်ငံလုံးအတွက် သက်ဆိုင်မှုရှိသော စံပြပုံစံတရပ်တည်း မရှိဘဲ၊ အာဏာခွဲဝေမှုအစီအစဉ်များကို သက်ဆိုင်ရာ ဖက်ဒရယ်နိုင်ငံတနိုင်ငံချင်းစီ၏ သမိုင်းနောက်ခံ၊ နိုင်ငံရေးဖွဲ့စည်းပုံ၊ စီးပွားရေးအခြေအနေ နှင့်ယဉ်ကျေးမှုဆိုင်ရာ အခြေအနေမှန်များနှင့်ကိုက်ညီအောင် သတ်မှတ်ပြင်ဆင်ရမည် ဖြစ်သည်။

## ၁။ နိဒါန်း

လုပ်ပိုင်ခွင့်အာဏာများ (သို့မဟုတ် စွမ်းဆောင်နိုင်မှုများ သို့မဟုတ် တာဝန်ယူလုပ်ဆောင်ချက်များ) ခွဲဝေခြင်းသည် ဖက်ဒရယ်စနစ်များ၏ မရှိမဖြစ်လိုအပ်သော အင်္ဂါရပ်တခု ဖြစ်သည်။ Federalism တွင် လုပ်ပိုင်ခွင့်အာဏာအနည်းငယ်မျှသာရှိလျှင်ပင် ခွဲဝေကျင့်သုံးရန် စဉ်းစားရပါသည်။ အမေရိကန်နိုင်ငံရေးသိပ္ပံပညာရှင် William H. Riker ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အစိုးရအစီအစဉ်တခုခုတွင် ‘ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော အနည်းဆုံးလုပ်ဆောင်ချက်တခုရှိလျှင်’ ပင် ဖက်ဒရယ်ပြည်ထောင်စုတခုအဖြစ်သတ်မှတ်သည်။ ဥပမာအားဖြင့် ကာကွယ်ရေးကို ပုံမှန်အားဖြင့် ပြည်ထောင်စုအစိုးရထံလွှဲအပ်သည်၊ မူလတန်းနှင့် အလယ်တန်းပညာရေးကို State၊ Canton၊ Lander များ စသည်ဖြင့် နိုင်ငံအလိုက်ရှိနေကြသော ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အစိုးရများထံ လွှဲအပ်လေ့ရှိသည်။ အာဏာခွဲဝေရန် စံပြနည်းလမ်းမရှိပါ။

မတူညီသောဖက်ဒရယ်ပြည်ထောင်စုများသည် မတူကွဲပြားသောအကြောင်းအရင်းနောက်ခံများအပေါ်မူ တည်၍ အာဏာခွဲဝေမှုကိုလုပ်ဆောင်ကြပါသည်။ ခွဲဝေရန်လိုအပ်သည့် အာဏာသုံးမျိုးရှိပါသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးတို့ဖြစ်သည်။ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်များအတွင်း ဘဏ္ဍာရေးခွဲဝေရေး စည်းမျဉ်းစည်းကမ်းနှင့် ပြန်လည်ခွဲဝေရေးအာဏာများပါဝင်သည်။ ဥပမာအားဖြင့် _ အာဏာခွဲဝေရန် လိုအပ်သော မူဝါဒချမှတ်ချမှတ်ခြင်းဆိုင်ရာကဏ္ဍများထဲတွင် ကာကွယ်ရေး၊ ဥပဒေစိုးမိုးမှုဆိုင်ရာလုပ်ငန်းများ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ အရပ်ဘက်ဥပဒေ၊ နိုင်ငံခြားရေး၊ ငွေကြေးဆိုင်ရာ၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ နိုင်ငံသားဆိုင်ရာ၊ ရွေးကောက်ပွဲများ၊ မဲပေးခြင်း၊ စီးပွားရေး၊ သဘာဝအရင်းအမြစ်များ၊ သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ ကျန်းမာရေး၊ အဆင့်မြင့် ပညာရေး၊ အခြေခံပညာရေး၊ စွမ်းအင်– ရေနံ၊ အဏုမြူ စသည်၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေးလုပ်ငန်း၊ စာတိုက်ဝန်ဆောင်မှု၊ သယ်ယူပို့ဆောင်ရေး၊ ရေပေးဝေရေး၊ အလုပ်အကိုင်/အလုပ်သမား၊ မီဒီယာ၊ လူမှုဝန်ထမ်း၊ မြို့ပြစီမံကိန်း၊ မီးဘေးကာကွယ်ရေး၊ အလေးချိန်နှင့် အတိုင်းအတာ အခြင် အတွယ်များ ....စသည်ဖြင့် ကဏ္ဍများစွာ ပါဝင်ပါသည်။

အချို့သော ဖက်ဒရယ်အခြေခံဥပဒေများ (ဥပမာ၊ အာဂျင်တီးနားနှင့် အိန္ဒိယ) တွင် ထူးခြားသည့်အရေးပေါ်အခြေအနေများတွင် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အစိုးရများအား ခွဲဝေထားသော အာဏာနယ်ပယ်များထဲတွင် ကျရောက်သည့်ကိစ္စရပ်များသို့ ဝင်ရောက်ကူညီလုပ်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအား အရေးပေါ်အခြေအနေများတွင် ကျင့်သုံးနိုင်သည့်အာဏာများကို လွှဲအပ်ထားသည်ကိုတွေ့ရသည်။

အာဏာများအား ကျင့်သုံးအကောင်အထည်ဖော်ရန် နိုင်နင်းစွာ စွမ်းဆောင်နိုင်မှု လိုအပ်သည့်အခြေအနေများကို အသေးစိတ်ပိုင်းခြားကြည့်နိုင်ပါသည်။ ဥပမာအားဖြင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွင် ရပ်ရွာလုံခြုံရေးရဲကင်းလှည့်မှုများကို ဒေသဆိုင်ရာအဆင့်တွင် နိုင်နင်းသော အရင်းအမြစ်ကိုသုံးပြီး ရလဒ်ကို ပြည့်မှီမြင့်မားအောင်လုပ်ဆောင်နိုင်မည်ဖြစ်သော်လည်း၊ မှုခင်းဆိုင်ရာ ဓာတ်ခွဲစစ်ဆေးခြင်း၊ မှုခင်းဆေးပညာ၊ အကျဉ်းထောင်စီမံခန့်ခွဲမှုကဲ့သို့သောကိစ္စရပ်များအတွက်မူ ကြီးမားသောဆုံးဖြတ်စီမံ လုပ်ဆောင်ပိုင်ခွင့်များ လိုအပ်မည်ဖြစ်ပြီး တရားစီရင်ရေးဆိုင်ရာနှင့် နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာကိစ္စရပ်များကို ကိုင်တွယ်ရာတွင်မူ ပြည်ထောင်စုအဆင့် ပူးပေါင်းပါဝင်မှုများ လိုအပ်မည်ဖြစ်သည်။ အာဏာခွဲဝေမှုရာတွင် ထည့်သွင်းစဉ်းစားရသည့် စံသဘောသတ်မှတ်ချက်များရှိပါသည်။

## ၂။ အဓိကစံများ (Core Normative Principles)

### ၂.၁။ ပြည်သူလူထုနှင့် အနီးကပ်ဆုံးအဆင့်က လုပ်ဆောင်နိုင်သည်အထိ လုပ်ပိုင်ခွင့်ပြုသောအခြေခံမှု (Subsidiarity)

Subsidiarity သည် ဖက်ဒရယ်စနစ်နှင့် အဆင့်အလွှာများထားရှိသောအုပ်ချုပ်ရေး (multi-level governance) စနစ်များတွင် အရေးပါသော စံနိယာမ တရပ်ဖြစ်ပြီး၊ အများပြည်သူဆိုင်ရာ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြည်သူလူထုနှင့် အနီးကပ်ဆုံးအဆင့်က လုပ်ဆောင်နိုင်သည်အထိ လုပ်ပိုင်ခွင့်ပြုရမည်ဟု သတ်မှတ်သော သဘောတရားဖြစ်သည်။ ထိုတာဝန်ကို အနီးစပ်ဆုံးအဆင့်တွင် ထိရောက်စွာမဆောင်ရွက်နိုင်သည့်အခါမှသာ ပိုမိုမြင့်မားသော အစိုးရအဆင့်သို့ လွှဲပြောင်းပေးရမည်ဟု ဆိုလိုသည်။

Subsidiarity ၏ အခြေခံအယူအဆမှာ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် မူဝါဒအကောင်အထည်ဖော်ခြင်းတို့ကို ပြည်သူနှင့်အနီးစပ်ဆုံးအဆင့်တွင် ဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီနည်းကျပြည်သူ့ပါဝင်မှု (democratic participation) ကို တိုးမြှင့်စေခြင်း၊ ဒေသလိုအပ်ချက်နှင့် ကိုက်ညီမှု မြင့်မားစေခြင်း၊ တာဝန်ခံမှု (accountability) ကို တိုးတက်စေခြင်းတို့ကို ဖြစ်စေသည်ဟု ယူဆခြင်းဖြစ်သည်။

## ၂.၂။ ဒီမိုကရေစီအခြေပြု၍ပြည်သူ့အခြေခံလိုအပ်ချက်များကိုရယူနိုင်ရန် မဲပေးရွေးချယ်နိုင်ခြင်း

ပြည်သူများအတွက် လိုအပ်သော ပြည်သူ့ကုန်စည် (ပြည်သူများအသုံးပြုနိုင်သည့် ဝန်ဆောင်မှုများ) အမျိုးအစားနှင့် လူမှုအဆင့်အတန်းများကို ရယူခံစားနိုင်ရေးအတွက် ပြည်ထောင်စုသားများ၏ ဆန္ဒမဲပေးရွေးချယ်နိုင်စွမ်းကို မြှင့်တင်ရပါမည်။ ဒီမိုကရေစီစနစ်တွင် ပြည်သူများသည် မဲပေးခြင်းအားဖြင့် ကိုယ်စားလှယ်များကို ရွေးချယ်နိုင်ခြင်း၊ မူဝါဒအလိုက် ဦးစားပေးချက်များကို ဖော်ပြနိုင်ခြင်း၊ အစိုးရ၏ လုပ်ဆောင်မှုများကို အကဲဖြတ်နိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

ဖက်ဒရယ်စနစ်တွင် (ပြည်ထောင်စု၊ ပြည်နယ်၊ ဒေသန္တရ) အဆင့်အလွှာအလိုက် ရွေးကောက်ပွဲများ ပြုလုပ်ခြင်းသည် ပြည်သူလိုအပ်ချက်များကို အဆင့်အလိုက် ထင်ဟပ်စေနိုင်သည်။ ဥပမာအားဖြင့် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ် (ပြည်နယ်/ဒေသ) အဆင့်တွင် ရွေးကောက်ခံကိုယ်စားလှယ်များသည် ဒေသလိုအပ်ချက်များကို နီးကပ်စွာ ဖြည့်ဆည်းနိုင်သည်။ ပြည်ထောင်စုအဆင့်တွင် ရွေးကောက်ခံကိုယ်စားလှယ်များသည် ပြည်ထောင်စုတဝန်းလုံးအဆင့် မူဝါဒများကို ဦးဆောင်နိုင်သည်။ ထို့ကြောင့် ရွေးကောက်ပွဲစနစ်သည် ဖက်ဒရယ်စနစ်အတွင်းအာဏာခွဲဝေကျင့်သုံးမှုကို ဒီမိုကရေစီ အခြေခံပေါ်တွင် တည်ဆောက်ပေးသည့် အဓိကလုပ်ငန်းစဉ်တရပ်ပင် ဖြစ်သည်။

## ၂.၃။ လူမှုတရားမျှတမှု (Social Justice)

လူမှုတရားမျှတမှု (Social Justice) သည် လူမှုအဖွဲ့အစည်းအတွင်း အရင်းအမြစ်များ၊ အခွင့်အလမ်းများနှင့် အာဏာများကို မျှတစွာခွဲဝေသတ်မှတ်ခြင်း၊ လူမျိုး၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကား၊ လိင်၊ ဒေသ စသည့်အခြေအနေ ကွဲပြားမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် မညီမျှမှုများကို လျှော့ချခြင်းနှင့် လူသားအခြေခံအခွင့်အရေးများကို အာမခံပေးခြင်းတို့ဖြစ်သည်။ ဖက်ဒရယ်အာဏာခွဲဝေမှုတွင် Social Justice (လူမှုတရားမျှတမှု) သည် အာဏာ၊ အရင်းအမြစ်နှင့် အခွင့်အလမ်းများကို စုံလင်ကွဲပြားသော လူမှုအစုများအကြား မျှတစွာ ခွဲဝေသတ်မှတ်၍ လူမှုမညီမျှမှုများကိုလျှော့ချရန် ရည်ရွယ်သော စံနိယာမ ဖြစ်သည်။ ယင်းသည် ဖက်ဒရယ်စနစ်၏ တည်ငြိမ်မှု၊ ညီညွတ်မှုနှင့် တရားဝင်မှုကို အာမခံပေးသော အဓိကအယူအဆတရပ်ဖြစ်ပြီး၊ အာဏာခွဲဝေမှု၊ ဘဏ္ဍာငွေခွဲဝေမှုဆိုင်ရာ ဖက်ဒရယ်စနစ်နှင့် အခြေခံအခွင့်အရေးအာမခံချက်များကို စနစ်တကျ ပေါင်းစပ်စဉ်းစားခြင်းအားဖြင့်သာ အကောင်အထည်ဖော်နိုင်သည်။

ဖက်ဒရယ်စနစ်ကို ကျင့်သုံးရာတွင် စုံလင်ကွဲပြားသည့် ယဉ်ကျေးမှု၊ စုံလင်ကွဲပြားသည့်လူမျိုးရေး၊ ဒေသဆိုင်ရာကွဲပြားမှုများရှိသည့် နိုင်ငံများတွင် အာဏာကို မျှတစွာခွဲဝေနိုင်ရန် အရေးကြီးသည်။ လူမှုတရားမျှတမှုအရ လူမျိုးစုများနှင့် ဒေသများအား နိုင်ငံရေးကိုယ်စားပြုခွင့်ပေးအပ်ခြင်း၊ ဘဏ္ဍာရေးအရင်းအမြစ်များကို မညီမျှမှု လျှော့ချစေရန် ရည်ရွယ်၍ ခွဲဝေခြင်း၊ အခြေခံဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီနိုင်စေရန် အာမခံခြင်းတို့ကို အလေးထားရသည်။ ထို့ကြောင့် အာဏာခွဲဝေမှုသည် မည်သည့်အဆင့်အလွှာတွင် မည်သည့်အာဏာကို ထားရှိမည်ကို ဆုံးဖြတ်ရာတွင် လူမှုတရားမျှတမှုဆိုင်ရာ အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

ဖက်ဒရယ်စနစ်တွင် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များအား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးအပ်ခြင်းသည် ယဉ်ကျေးမှုနှင့် ဘာသာစကားအခွင့်အရေးများကို ကာကွယ်ပေးခြင်း၊ ဒေသလိုအပ်ချက်နှင့် ကိုက်ညီသောမူဝါဒများ ချမှတ်နိုင်စေခြင်း၊ နိုင်ငံရေးတွင်ပါဝင်မှု တိုးတက်စေခြင်းတို့အားဖြင့် လူမှုတရားမျှတမှုကို အားပေးနိုင်ပါသည်။

Social Justice ၏ အရေးပါသော အစိတ်အပိုင်းတရပ်မှာ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များအကြား စီးပွားရေးမညီမျှမှုများကို လျှော့ချခြင်းဖြစ်သည်။ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များအကြား စီးပွားရေးအင်အားကွာခြားမှုများရှိပါက၊ အာဏာခွဲဝေမှုအားဖြင့်သာ မလုံလောက်ဘဲ ဘဏ္ဍာရေးညီမျှမှုရှိစေရန် ချိန်ညှိမှု (fiscal equalization) မူဝါဒများလည်း လိုအပ်လာမည်ဖြစ်သည်။ ဖက်ဒရယ်စနစ်တွင် ဝင်ငွေမြင့်မားသော ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များနှင့် ဝင်ငွေနည်းသော ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များအကြား ကွာခြားမှုများ၊ ပြည်သူ့ဝန်ဆောင်မှု အရည်အသွေးမညီမျှမှုများ ဖြစ်ပေါ်နိုင်သည်။ ထိုအခြေအနေများကို လျှော့ချရန် ပြည်ထောင်စုအဆင့်မှ အစိုးရများအကြား ငွေကြေးလွှဲပြောင်းပေးမှုများ (intergovernmental transfers) နှင့် ညှိနှိုင်းချိန်ညှိရေးစနစ်များကို အသုံးပြုနိုင်သည်။ ယင်းသည် လူမှုတရားမျှတမှုနှင့် နိုင်ငံတဝန်း ညီညွတ်မှုကို ထောက်ပံ့ပေးပါသည်။

ဖက်ဒရယ်စနစ်အရ အာဏာခွဲဝေကျင့်သုံးရာတွင်သည် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များအား ကိုယ်ပိုင်မူဝါဒများ ချမှတ်ခွင့်ပေးသော်လည်း၊ အခြေခံလူ့အခွင့်အရေးများကို အနည်းဆုံးစံနှုန်းတစ်ခုဖြင့် ပြည်ထောင်စုတဝန်းလုံးအဆင့်တွင် အာမခံထားရမည်ဖြစ်သည်။ ထိုသို့အားဖြင့် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်များ၏ မတူညီသောနောက်ခံအခြေအနေများအောက်တွင် လူမှုမတရားမှုများ မပေါ်ပေါက်နိုင်အောင် ကြိုတင်ပြင်ဆင်ထားနိုင်ပါသည်။ ထို့ကြောင့် အခြေခံလူ့အခွင့်အရေးအာမခံချက်များ၊ ဥပဒေအောက်တွင် တန်းတူအခွင့်တူညီမျှမှု၊ အခြေခံပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်ထောင်စုအဆင့်မှ ပြည်ထောင်စုတဝန်း

လုံးကျင့်သုံးရမည့်စံနှုန်းအဖြစ် သတ်မှတ်ထားခြင်းသည် လူမှုတရားမျှတမှုအတွက် အရေးကြီး လှပါသည်။

ဤစံနှုန်းသည် အမျိုးသမီးများ၊ LGBTQIA+ များနှင့် သမိုင်းတလျှောက် အပယ်ခံ အုပ်စုများအားလုံး အကျိုးဝင်ပါသည်။ အာဏာခွဲဝေမှုတခုခုသည် ထိုအစုများအပေါ် မည်သို့ အကျိုးသက်ရောက်စေမည်နည်းဆိုသည်ကို ချိန်ဆရန်လိုအပ်ပါသည်။ ဥပမာအားဖြင့် မိသားစု ဆိုင်ရာဥပဒေအာဏာများကို ရိုးရာဓလေ့ထုံးတမ်းအခြေခံမှု ကြီးစိုးသည့် ပြည်ထောင်စုအဖွဲ့ ဝင်ယူနစ်အစိုးရများထံ ပေးအပ်ခြင်းသည် အမျိုးသမီးများအပေါ် ဖိနှိပ်မှုကို တွန်းအားပေးရာ ရောက်နိုင်မည်လားဆိုသည့် စဉ်းစားချက်မျိုးဖြစ်ပါသည်။ လူ့အဖွဲ့အစည်းတခုခုအတွင်း တည်ရှိ ကောင်း တည်ရှိနေနိုင်သည့် အခွင့်အရေးသာမှု၊ အခွင့်အရေးမသာမှုဆုံချက်များကြောင့် လူမှု တရားမျှတမှုသည် အဆင့်ဆင့်ပင် တပြေးညီမရှိနေသည့် အခြေအနေများ (intersectionality) အားလည်း ထည့်သွင်းချိန်ဆရမည် ဖြစ်သည်။

## ၂.၄။ လိုအပ်မှုအခြေအနေကိုချိန်ဆ၍ အာဏာခွဲဝေသင့်သော "ကဏ္ဍ" ကို ဖော်ထုတ်ခြင်း

ဖက်ဒရယ်စနစ်အတွင်း သတ်မှတ်ထားသည့်အစိုးရအလွှာ (ပြည်ထောင်စုအဆင့် အလွှာ၊ ပြည်နယ်အဆင့်အလွှာ၊ ဒေသန္တရအဆင့်အလွှာ စသည်) များထဲမှ အာဏာတစ်ခုကို ထိရောက်စွာကျင့်သုံးရန် သင့်လျော်သောကဏ္ဍကိုရွေးချယ်ခြင်းနှင့် ပြည်ထောင်စုအဖွဲ့ဝင် ယူနစ်များ၏ လိုအပ်ချက်အခြေအနေများကို ချိန်ဆခြင်းသည် အာဏာခွဲဝေမှုရာတွင် အဓိက ကျသည့်စံသဘောတခုအဖြစ် သတ်မှတ်လေ့ရှိပါသည်။ အာဏာခွဲဝေသင့်သော "ကဏ္ဍ" နှင့် ပတ်သက်၍ James Madison က ဖက်ဒရယ်စာတန်း အမှတ် ၁၀ တွင် ဖော်ပြထားရာတွင် နိုင်ငံတဝန်းလုံးအပေါ် "ကြီးကြီးမားမား လွှမ်းခြုံသက်ရောက်မှုရှိသည့် အကျိုးကိစ္စရပ်များ" နှင့်သက်ဆိုင်သည့်အာဏာများကို ပြည်ထောင်စုအလွှာထံ ခွဲဝေနိုင်ပြီး ပြည်ထောင်စု အဖွဲ့ဝင် ယူနစ်ဆိုင်ရာနှင့် ဒေသအခြေအနေအရ သီးခြားဆောင်ရွက်ရမည့်ကိစ္စရပ်များကို "ပြည်ထောင်စု အဖွဲ့ဝင်ယူနစ်ဥပဒေပြုရေး" နယ်ပယ်တွင်ထားရှိနိုင်သည်။ သို့ရာတွင် မည်သည့်အာဏာအား မည်သည့်အဆင့်အလွှာတွင် ခွဲဝေမည်ဆိုသည့် လက်တွေ့အာဏာခွဲဝေရေးအတွက် သင့်လျော် မည့် "ကဏ္ဍ" များကို စဉ်းစားရာတွင် ပြည်ထောင်စုအဖွဲ့ဝင်နိုင်ငံရေးအသိုက်အဝန်းများ (ယူနစ် များ) ၏ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေးအခြေအနေဆိုင်ရာ လိုအပ်ချက်၊ တောင်းဆိုချက် များကို လိုက်လျောညီထွေဖြစ်စေရန်အတွက် ညှိနှိုင်းလုပ်ဆောင်ရန် လိုအပ်ပါသည်။

၂.၅။ အရွယ်အစားကြီးလာသည်နှင့်အမျှ ကုန်ကျစရိတ်လျော့ကျလာခြင်းသဘော (Economy of scale)

Economy of scale ဆိုသည်မှာ လုပ်ငန်းတခုကို ပိုမိုကြီးမားသော အတိုင်းအတာဖြင့် ဆောင်ရွက်လျှင် တယူနစ်ချင်းစီအတွက် စရိတ်လျော့နည်းလာခြင်းဖြစ်သည်။ ထိုစီးပွားရေးသဘောတရားကို ဖက်ဒရယ်စနစ်၏အာဏာခွဲဝေသဘောတရားအဖြစ်အသုံးပြုခြင်းဖြစ်သည်။ ဖက်ဒရယ်စနစ်တွင် အာဏာနှင့် လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုအဆင့်အလွှာနှင့် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အဆင့်အလွှာများအကြား ခွဲဝေရာတွင် မည်သည့်အဆင့်က ဆောင်ရွက်လျှင် စရိတ်နည်းပြီး ထိရောက်မှု မြင့်မားမည်နည်းဆိုသည့်အမြင်ဖြင့် အသုံးပြုသည့် အယူအဆဖြစ်ပါသည်။

အချို့သော လုပ်ငန်းများကို ပြည်ထောင်စုတဝန်းလုံးအဆင့်ဖြင့် ဆောင်ရွက်လျှင် စရိတ်လျော့နည်းပြီး ထိရောက်မှု မြင့်မားသည်။ ဥပမာ ကာကွယ်ရေး (National defense)၊ နိုင်ငံခြားရေးမူဝါဒ (Foreign affairs)၊ ဗဟိုဘဏ်နှင့် ငွေကြေးမူဝါဒ (Monetary policy) ကဏ္ဍများတွင် ကြီးမားသော အတိုင်းအတာဖြင့် လုပ်ဆောင်ခြင်းက ပိုမိုထိရောက်သောကြောင့် ပြည်ထောင်စုအဆင့်တွင် အာဏာကို ခွဲဝေထားလေ့ရှိသည်။

အချို့သောကဏ္ဍများတွင် အတိုင်းအတာကြီးလာသည်နှင့်အမျှ စရိတ်မလျော့နိုင်သည့်အပြင် ဒေသအခြေအနေ မကိုက်ညီနိုင်ခြင်းများ ဖြစ်နိုင်ပါသည်။ ဥပမာ ဒေသဆိုင်ရာပညာရေးမူဝါဒ၊ မြို့ပြစီမံကိန်း၊ ဒေသလမ်း တံတားများ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာမူဝါဒများစသည့်ကဏ္ဍများတွင် ဒေသအခြေအနေ၊ လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုကွဲပြားမှုများကို ထည့်သွင်းစဉ်းစားရန်လိုသည်။ ထို့ကြောင့် ထိုကဏ္ဍမျိုးများ ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်တွင် အာဏာခွဲဝေခြင်းက ပိုထိရောက်သည်။

အကျဉ်းချုပ်အားဖြင့် အောက်ပါအတိုင်းဖော်ပြနိုင်ပါသည်။

- အရွယ်အစားကြီးလေ စရိတ်လျော့နိုင်သည့် ကဏ္ဍများ → ပြည်ထောင်စု
- ဒေသအခြေအနေအလိုက် ကွဲပြားမှုများရှိသည့် ကဏ္ဍများ → ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်

၂.၆။ ကုန်ကျစရိတ်များနှင့် အကျိုးခံစားခွင့်များကို ကိုယ်တိုင် တာဝန်ယူခံယူနိုင်ရေးမူ (cost–benefit internalization)

Cost–benefit internalization သည် ဖက်ဒရယ်အာဏာခွဲဝေမှုဆိုင်ရာသီအိုရီများအတွင်း အဓိကကျသော စံနိယာမတရပ်ဖြစ်ပြီး၊ မူဝါဒတရပ်ကို ချမှတ်ဆုံးဖြတ်သည့်

အစိုးရအဆင့်သည် ထိုမူဝါဒမှ ပေါ်ပေါက်လာသော ကုန်ကျစရိတ်များနှင့် အကျိုးခံစားခွင့်များကို ကိုယ်တိုင် တာဝန်ယူခံယူနိုင်ရမည်ဟူသော သဘောတရားကို ရည်ညွှန်းသည်။ တနည်းအားဖြင့်ဆုံးဖြတ်ချက်ချမှတ်သူနှင့် ထိုဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုကိုခံယူရသူတို့အကြား ကိုက်ညီမှုရှိစေရန်ရည်ရွယ်သည့် စနစ်တကျချိန်ညှိမှု ဖြစ်သည်။

ဖက်ဒရယ်စနစ်တွင်တွင် လုပ်ပိုင်ခွင့်အာဏာကို ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စုအဖွဲ့Wင်ယူနစ်အဆင့်များအကြား ခွဲဝေထားသည့်အတွက် မူဝါဒတရပ်၏အကျိုးသက်ရောက်မှုသည် အစိုးရအဆင့် တခုတည်းအတွင်းသာ ရှိမနေဘဲ အခြားဒေသများသို့ ပျံ့နှံ့သက်ရောက်နိုင်သည်။ ယင်းကဲ့သို့ နယ်နိမိတ်ကျော်လွန်သက်ရောက်မှုများ (interjurisdictional spill-overs) ဖြစ်ပေါ်ပါက၊ ဆုံးဖြတ်ချက်ချမှတ်သည့် အစိုးရသည် ထိုဆုံးဖြတ်ချက်၏အပြည့်အဝကုန်ကျစရိတ်ကို တာဝန်မယူနိုင်သလို အကျိုးခံစားခွင့်ကိုလည်း အပြည့်အဝမရရှိနိုင်သည့်အခြေအနေဖြစ်ပေါ်နိုင်သည်။ ထိုသို့သော အခြေအနေများသည် စီးပွားရေးသဘောတရားအရ externalities ဟု ခေါ်ဝေါ်ကြပြီး၊ မူဝါဒထိရောက်မှုနှင့် တာဝန်ခံမှု (accountability) ကို လျော့နည်းစေနိုင်သည်။ Cost–benefit internalization သည် ယင်း externalities များကို လျှော့ချရန်နှင့် ဆုံးဖြတ်ချက်နှင့် အကျိုးသက်ရောက်မှုအကြား ကိုက်ညီမှုရရှိစေရန် ရည်ရွယ်သည်။

မူဝါဒတရပ်၏ ကုန်ကျစရိတ်များ သို့မဟုတ် အကျိုးခံစားခွင့်များသည် ပြည်ထောင်စုအဖွဲ့ဝင် (ပြည်နယ်/ဒေသ) နယ်နိမိတ်များကို ကျော်လွန်၍ သက်ရောက်ပါက၊ ထိုမူဝါဒကို ပြည်ထောင်စုအဆင့်တွင် စီမံခန့်ခွဲခြင်းသည် Cost–benefit internalization ကို ပိုမိုအောင်မြင်စေနိုင်သည်။

ဥပမာအားဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ – ဒေသတခု၏ စက်မှုလုပ်ငန်းမှ ဖြစ်ပေါ်သည့် လေထုညစ်ညမ်းမှုသည် အခြားဒေသများသို့ သက်ရောက်နိုင်သည်။ ထိုအခါ ညစ်ညမ်းမှုဖြစ်စေသည့် ဒေသသည် အကျိုးအမြတ်ကို ရရှိသော်လည်း အခြားဒေသများသည် ကုန်ကျစရိတ်ကို ခံစားရနိုင်သည်။ ထို့ကြောင့် ပြည်ထောင်စုအဆင့်မှ စည်းမျဉ်းချမှတ်ခြင်းသည် သက်ရောက်မှုများကို စီမံသင့်ခြင်း ဖြစ်သည်။ ကူးစက်ရောဂါ ထိန်းချုပ်ရေး – ဒေသတစ်ခု၏ ကျန်းမာရေးရင်းနှီးမြှုပ်နှံမှု လျော့နည်းမှုသည် နိုင်ငံတဝန်းသို့ သက်ရောက်နိုင်သောကြောင့် ပြည်ထောင်စုအဆင့် ညှိနှိုင်းဆောင်ရွက်မှု လိုအပ်သည်။

ဤကဲ့သို့ အကျိုးသက်ရောက်မှုများ ကျယ်ပြန့်စွာ ပျံ့နှံ့သည့် ကဏ္ဍများတွင် ပြည်ထောင်စုအဆင့်အား အာဏာခွဲဝေပေးအပ်ခြင်းသည် စီးပွားရေးနှင့် အဖွဲ့အစည်းဆိုင်ရာ အထိရောက်ဆုံးရွေးချယ်မှု ဖြစ်နိုင်သည်။

မူဝါဒတရပ်၏ ကုန်ကျစရိတ်နှင့် အကျိုးခံစားခွင့်များသည် အဓိကအားဖြင့် ပြည်ထောင်စုအဖွဲ့ဝင် (ပြည်နယ်/ဒေသ) အတွင်းသာ ကန့်သတ်ဖြစ်ပေါ်နေလျှင်၊ ထိုမူဝါဒကို ပြည်ထောင်စုအဖွဲ့ဝင်ယူနစ်အဆင့်တွင် ချမှတ်ဆောင်ရွက်ခြင်းသည် ပိုမိုသင့်လျော်သည်။

ဥပမာ ပြည်ထောင်စုအဖွဲ့ဝင် (ပြည်နယ်/ဒေသ) တွင်း လမ်းတံတားများ၊ မြို့ပြစီမံကိန်း၊ ပညာရေး အစီအစဉ်များ

ဤကဏ္ဍများတွင် ဒေသခံများသည် အခွန်ထမ်းဆောင်၍ ဝန်ဆောင်မှုကို တိုက်ရိုက်ခံစားရသဖြင့် ဆုံးဖြတ်ချက်နှင့် အကျိုးသက်ရောက်မှုတို့သည် ထိုပြည်ထောင်စုအဖွဲ့ဝင် (ပြည်နယ်/ဒေသ) အတွင်းအတွင်း တည်ရှိသည်။ ထိုသို့ဖြစ်လျှင် Cost–benefit internalization အား ပြည်ထောင်စုအဖွဲ့ဝင် (ပြည်နယ် /ဒေသ) အတွင်းအဆင့်တွင် ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည်။

Cost–benefit internalization သည် ဘဏ္ဍာငွေခွဲဝေမှုဆိုင်ရာဖက်ဒရယ်စနစ် (fiscal federalism) နှင့် နီးစပ်စွာ ဆက်နွယ်သည်။ အစိုးရတရပ်သည် အသုံးစရိတ်တာဝန်ကို ဆောင်ရွက်နိုင်သော်လည်း ဝင်ငွေကောက်ခံရေးအာဏာ မရှိပါက၊ သို့မဟုတ် ကုန်ကျစရိတ်ကို အခြားအဆင့်သို့ လွှဲပြောင်းနိုင်ပါက၊ အလွန်အကျွံ အသုံးစရိတ်ဖြစ်ပေါ်နိုင်သည်။ ထိုသို့သော အခြေအနေများသည် တာဝန်ခံမှုလျော့နည်းစေပြီး ဘဏ္ဍာရေးမညီမျှမှုများ ဖြစ်ပေါ်စေနိုင်သည်။

ထို့ကြောင့် မူဝါဒချမှတ်သူသည် ကုန်ကျစရိတ်နှင့် အကျိုးခံစားခွင့်များကို ကိုယ်တိုင်ခံယူရမည့်စနစ်ကို တည်ဆောက်ခြင်းသည် ဖက်ဒရယ်စနစ်၏ တည်ငြိမ်မှုနှင့် ထိရောက်မှုကို မြှင့်တင်ပေးသည်။

## ၂.၇။ စီမံခန့်ခွဲရေးကုန်ကျစရိတ် (Administrative costs)

ဆက်စပ်နေသော စံသတ်မှတ်ချက်တခုသည် စီမံခန့်ခွဲရေးကုန်ကျစရိတ်ဖြစ်သည်။ မူဝါဒများနှင့် ပြည်သူ့ဝန်ဆောင်မှုများကို စီမံခန့်ခွဲရန်လိုအပ်သည့် အဖွဲ့အစည်းဆိုင်ရာ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ရေးဆိုင်ရာ ကုန်ကျစရိတ်များ ဖြစ်သည်။ ယေဘုယျအားဖြင့် စီမံခန့်ခွဲရေးစရိတ်စကများသည် လုပ်ပိုင်ခွင့်အာဏာကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် မျှတခြင်း ရှိမရှိ သို့မဟုတ် ပြည်ထောင်စုက လွှမ်းခြုံတာဝန်ယူမှုက ပိုမိုထိရောက်ပြီးကုန်ကျစရိတ်သက်သာပါသလားဆိုသည့် စဉ်းစားချက် ဖြစ်သည်။ ထိုအချက်ပေါ်မူတည်ပြီး ပြည်ထောင်စုစနစ်အတွင်းရှိ အစိုးရအလွှာတခုခုသည် ၎င်းအား ခွဲဝေအပ်နှင်းထားသောအာဏာကို အကောင်အထည်ဖော်ရန် စီမံခန့်ခွဲရေး စွမ်းရည်လိုအပ်မှုရှိမရှိ ချိန်ထိုးစဉ်းစားရန်လိုအပ်သည်။

ပြည်ထောင်စုက လွှမ်းခြုံတာဝန်ယူခြင်းသည် ကုန်ကျစရိတ်ထပ်ခြင်းကို လျှော့ချနိုင်သော်လည်း ဒေသလိုအပ်ချက်များကို တုံ့ပြန်ဝန်ဆောင်မှုပေးရာတွင် အားနည်းနိုင်သည်။ အာဏာဖြန့်ဝေခြင်းသည် ပြည်ထောင်စုအဖွဲ့ဝင်ယူနစ် (ပြည်နယ်/ဒေသ) တို့၏ ထိရောက်စွာလုပ်ဆောင်မှုကို မြှင့်တင်နိုင်သော်လည်း အုပ်ချုပ်ရေးဆိုင်ရာ ကုန်ကျစရိတ် တိုးပွားနိုင်သည်။

ထို့ကြောင့် ဖက်ဒရယ်စနစ်တည်ဆောက်ရာတွင် Administrative cost ကို Economy of Scale နှင့် Cost–Benefit Internalization တို့နှင့် ပေါင်းစပ်စဉ်းစားခြင်းသည် ထိရောက်သော အာဏာခွဲဝေမှုအတွက် အခြေခံကျသော သဘောတရားတစ်ရပ်ဖြစ်သည်။

၃.	မူဝါဒဆိုင်ရာ အကျိုးသက်ရောက်မှုများ (Policy Implications)

ဖက်ဒရယ်စနစ်တစ်ရပ်ကို ဒီဇိုင်းရေးဆွဲတည်ဆောက်ရာတွင် အောက်ပါအချက်များကို ပေါင်းစည်းသုံးသပ်စဉ်းစားရပါမည်။

- ဒီမိုကရေစီအခြေခံတရားဝင်မှု (Democratic Legitimacy)
- လူမှုရေးတရားမျှတမှုနှင့် တန်းတူညီမျှမှု (Social Equity)
- ဘဏ္ဍာရေးတာဝန်ယူမှုနှင့် စည်းကမ်းတကျ စီမံခန့်ခွဲမှု (Fiscal Responsibility)
- အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် အုပ်ချုပ်ရေးစွမ်းအား (Institutional Capacity)
- စီးပွားရေးထိရောက်မှု (Economic Efficiency)
- မူဝါဒအကျိုးသက်ရောက်မှုများ၏ နယ်ပယ်အဝန်း (Scope of Policy Effects)

ဤစံနှုန်းများအနက် တခုတည်းသာ အဆုံးဖြတ်ပေးနိုင်သည့် သတ်မှတ်ချက်မဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စနစ်တကျ သဟဇာတရှိသော အခင်းအကျင်းအတွင်း မျှတစွာ ညှိနှိုင်းထားရှိခြင်းအပေါ် မူတည်သည်။

## ၄.  နိဂုံးချုပ် (Conclusion)

ဖက်ဒရယ်စနစ်အတွင်း အာဏာခွဲဝေမှုသည် နည်းပညာပိုင်းဆိုင်ရာ ဖွဲ့စည်းပုံအခြေခံ ဥပဒေလေ့ကျင့်ခန်းတရပ်သာ မဟုတ်ပါ။ အုပ်ချုပ်ရေး ထိရောက်မှု၊ ဒီမိုကရေစီနည်းကျ တာဝန်ခံမှုနှင့် ပြည်ထောင်စု၏ စည်းလုံးညီညွတ်မှုတို့ကို သတ်မှတ်ပုံဖော်ပေးသည့် အခြေခံ နိုင်ငံရေး ဆုံးဖြတ်ချက်တရပ်ဖြစ်သည်။

ကောင်းမွန်စွာ ဒီဇိုင်းရေးဆွဲထားသော ဖက်ဒရယ်ဖွဲ့စည်းပုံတရပ်သည် ကိုယ်ပိုင် အုပ်ချုပ်ခွင့်နှင့် တစည်းတလုံးတည်းဖြစ်မှု၊ ထိရောက်မှုနှင့် တရားမျှတမှု၊ အာဏာခွဲဝေမှုနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှုတို့အကြား သဟဇာတဖြစ်မှုကို ဖန်တီးပေးနိုင်ရမည် ဖြစ်သည်။ ဤစာတမ်းတွင် ဖော်ပြထားသည့် စံသတ်မှတ်ချက်များကို လက်တွေ့အသုံးချနိုင်ပါက မူဝါဒ ချမှတ်သူများသည် လူမျိုးစုံလင်လှသော လူမှုအသိုက်အဝန်းများ၏ ရှုပ်ထွေးလှသော အခြေအနေ မှန်များနှင့် ကိုက်ညီသည့် သဟဇာတရှိသော၊ တည်ငြိမ်ခံနိုင်ရည်ရှိသော၊ ပြောင်းလဲနိုင်စွမ်းရှိ သော ဖက်ဒရယ်အစီအစဉ်များကို တည်ဆောက်နိုင်မည် ဖြစ်သည်။

**မိုးသန်**

# အပိုင်း (၂)

# လက်တွေ့ကျင့်သုံးခြင်း

## အမျိုးသားညီညွတ်ရေးအစိုးရ၊ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကော်မတီ (TCPC) က

ရေးသားတင်ပြသော အဆိုပြုမူကြမ်း

**အခန်း (၃)**

**အမျိုးသားညီညွတ်ရေးအစိုးရ၏ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကော်မတီ (TCPC) မှ ရေးသားတင်ပြသော**

## ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း (Division of Powers)

**(၁) ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေခြင်း**

(က) ဖက်ဒရယ်စနစ်၏အခြေခံမူဖြစ်သော စုပေါင်းအုပ်ချုပ်ခြင်း (Shared-rule) အရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self-rule) အရ ဖွဲ့စည်းထားသော ပြည်နယ်များအကြားတွင် ဤ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာခွဲဝေကျင့်သုံးခွင့် ရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြားတွင် အာဏာများကို ခွဲဝေကျင့်သုံးခြင်း 'မူ' အရ ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာ၊ ထပ်တူပြုအာဏာများနှင့်ကြွင်းကျန်အာဏာများကို သတ်မှတ်ပြဋ္ဌာန်းရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး၏ ဘုံအကျိုးစီးပွားအတွက် ကျင့်သုံးရန် လိုအပ်သော အခွင့်အာဏာများကို ပြည်ထောင်စုသို့ အပ်နှင်းသည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာနှင့် ထပ်တူပြုအာဏာများတွင် ထည့်သွင်းဖော်ပြထားခြင်း မရှိသည့် ကြွင်းကျန်နေသည့်အာဏာများသည် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များတွင် တည်ရှိသည်။ (FDC - ၆)

**(၂) ပြည်ထောင်စုအာဏာ**

(၁) ဖက်ဒရယ် ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပြည်ထောင်စုလုံခြုံရေးဆိုင်ရာအဖွဲ့များ

(၂) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်

(၃) ဖက်ဒရယ်ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့

(၄) ပြည်ထောင်စုလုံခြုံရေးကောင်စီ

(၅) ပြည်ထောင်စုရဲတပ်ဖွဲ့

(၆) လက်နက်နှင့် ပေါက်ကွဲစေတတ်သော ခဲယမ်းမီးကျောက်များ ထုတ် လုပ်ခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း

(၇) နိုင်ငံသားများ စစ်မှုထမ်းခြင်း

(၈) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာ စာချုပ်စာတမ်းများ သဘောတူညီချက်များ

(၉) ကုလသမဂ္ဂနှင့် သံတမန်ဆိုင်ရာကိစ္စရပ်များ

(၁၀) နိုင်ငံကူးလက်မှတ်နှင့် လူဝင်မှုကြီးကြပ်ရေး

(၁၁) ငွေစက္ကူထုတ်လုပ်ဖြန့်ချိရေး

(၁၂) ပြည်ထောင်စုဘဏ်

(၁၃) ပြည်ထောင်စုစာတိုက်၊ ကြေးနန်းနှင့် ဆက်သွယ်ရေး

(၁၄) အလေးချိန်နှင့် ခြင်တွယ်တိုင်းတာခြင်း

(၁၅) ကူးယူဖြန့်ချိခွင့်၊ နည်းပညာမူပိုင်ခွင့်၊ ဒီဇိုင်းနှင့်တံဆိပ်အမှတ်အသားဆိုင်ရာ

(၁၆) အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ

(၁၇) နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံခြားသားများ နိုင်ငံသားဖြစ်ခြင်း

(၁၈) ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်း

(၁၉) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(၂၀) ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲစနစ်

**(၃) ပြည်နယ်အာဏာ**

(၁) ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များ ဖွဲ့စည်းခြင်း

(၂) ဒေသန္တရအစိုးရများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် အမျိုးသားနယ်မြေများ ဖွဲ့စည်းခြင်း

(၃) မြေနှင့် သဘာဝသယံဇာတ

(၄) ပြည်နယ်အခွန်နှင့် အခွန်ဘဏ္ဍာဆိုင်ရာကိစ္စရပ်များ

(၅) ပြည်နယ်ကုန်သွယ်ရေး

(၆) ပြည်နယ်လမ်းပန်းဆက်သွယ်ရေး

(၇) နေအိမ်၊ ဥပစာ၊ မြေယာ၊ ပိုင်ဆိုင်မှု လွှဲပြောင်းခြင်း

(၈) ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ (Cultural Self-Determination)

(၉) ပညာရေး

(၁၀) ပြည်နယ် စက်မှုလက်မှုနှင့် နည်းပညာ

(၁၁) ကျန်းမာရေး

(၁၂) ပြည်နယ်လူမှုဖူလုံရေး

(၁၃) စိုက်ပျိုးရေး

(၁၄) မွေးမြူရေး

(၁၅) ပြည်နယ်သားဆိုင်ရာကိစ္စရပ်များ

(၁၆) ပြည်နယ်ဝန်ထမ်းများနှင့် သင်ကြားလေ့ကျင့်ရေး

(၁၇) ပြည်နယ်ရွေးကောက်ပွဲကော်မရှင်

(၁၈) ပြည်နယ်ရွေးကောက်ပွဲစနစ်

(၁၉) ပြည်နယ်တရားရေး (Customary law) ကိုအခြေခံသော တရားစီရင်ရေး)

**(၄) ထပ်တူပြုအာဏာ**

(၁) ပြည်ထောင်စု အဝေးပြေးကားလမ်းများ၊ ရထားလမ်းများ၊ ရေကြောင်းလမ်းများ၊ ကမ်းရိုးတန်းနှင့် ပင်လယ်ရေကြောင်းသွားလာရေးများနှင့် လေကြောင်းလုပ်ငန်းများ

(၂) ဖက်ဒရယ်ပြည်ထောင်စုအတွင်း ရောင်းဝယ်ခွန်၊ စီးပွားရေးလုပ်ငန်းခွန်၊ အမြတ်ခွန်၊ ယစ်မျိုးခွန်၊ ဆိပ်ကမ်းခွန်အပါအဝင် အကောက်အခွန်ဆိုင်ရာကိစ္စရပ်များ

(၃) နယ်စပ်ကုန်သွယ်ရေးနှင့် သွင်းကုန်ထုတ်ကုန် အခွန်ကောက်ခံခြင်း၊ နိုင်ငံတကာကုန်သွယ်ရေးနှင့် ပြည်ထောင်စုအတွင်း ကုန်သွယ်ရေး

(၄) နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းဆိုင်ရာများ

(၅) နိုင်ငံခြားရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာကိစ္စရပ်များ

(၆) ဘဏ်နှင့် အာမခံလုပ်ငန်းများ

(၇) အခွန်ဘဏ္ဍာခွဲဝေခြင်း

(၈) အခြေခံအဆောက်အအုံများ

(၉) ပြည်သူ့ကြွေးမြီ

(၁၀) ဝန်ထမ်းလစာ၊ ချီးမြှင့်ငွေနှင့် ထောက်ပံ့ငွေဆိုင်ရာကိစ္စရပ်များ

(၁၁) နိုင်ငံရေးတာဝန်ထမ်းဆောင်သူပုဂ္ဂိုလ်များ၏ ငွေကြေးနှင့်ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

(၁၂) အလုပ်ချိန်၊ အနိမ့်ဆုံးလုပ်ခ၊ အလုပ်ပိတ်ရက်များနှင့် လုပ်ငန်းခွင်ဘေး အန္တရာယ် ကင်းရှင်းရေးစံနှုန်း သတ်မှတ်ချက်များ

(၁၃) အမျိုးသမီးများအတွက် လုပ်ငန်းခွင်ဆိုင်ရာ အထူးအစီအမံများ

(၁၄) အလုပ်သမားနှင့် တောင်သူလယ်သမားဆိုင်ရာ ကိစ္စရပ်များ

(၁၅) ကလေးသူငယ်များ၊ အမျိုးသမီးများ၊ ခြားနားစွမ်းသူများနှင့် သက်ကြီးရွယ်အို များ စောင့်ရှောက်ရေး

(၁၆) ကလေးများအခွင့်အရေးဆိုင်ရာကိစ္စရပ်များ

(၁၇) အခြေခံပညာကို အခမဲ့သင်ကြားခွင့်

(၁၈) ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်းပညာရေးဆိုင်ရာ ကိစ္စရပ်များ

(၁၉) ပြည်ထောင်စုဆိုင်ရာ ကျန်းမာရေးကိစ္စရပ်များ

(၂၀) မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးများ

(၂၁) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(၂၂) လူဦးရေသန်းခေါင်စာရင်းကောက်ခံခြင်း

(၂၃) ဖွားသေစာရင်း မှတ်ပုံတင်ခြင်း

(၂၄) ရာဇဝတ်မှုဥပဒေနှင့် တရားမကျင့်ထုံးဥပဒေဆိုင်ရာ ကိစ္စရပ်များ

(၂၅) ဒုက္ခသည်ရေးရာနှင့် နိုင်ငံရေးခိုလှုံခွင့်ဆိုင်ရာကိစ္စရပ်များ

(၂၆) လူထုဆန္ဒဖော်ထုတ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများ

(၂၇) အသင်းအဖွဲ့များနှင့် သမဂ္ဂများဖွဲ့စည်းခြင်း

(၂၈) ခလှေ့ထုံးတမ်း ကွဲပြားခြားနားသူများအကြား လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်း ခြင်းနှင့် အမွေဆက်ခံခြင်း

(၂၉) လူနည်းစုအခွင့်အရေးများကာကွယ်ခြင်း

(၃၀) ဝန်ထမ်းလေ့ကျင့်ရေး

(၃၁) ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းမီဒီယာနှင့် ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာကိစ္စရပ်များ

(၃၂) နိုင်ငံရေးပါတီများဆိုင်ရာကိစ္စရပ်များ

(၃၃) အရေးပေါ်အခြေအနေဆိုင်ရာကိစ္စရပ်များ

(၃၄) ပြည်နယ်သစ်များ ဖွဲ့စည်းခြင်းနှင့် ပြည်နယ်နိမိတ်သတ်မှတ်ခြင်း

(၃၅) ရွေးကောက်ပွဲစနစ်နှင့် မဲဆန္ဒနယ်များ သတ်မှတ်ခြင်း

**(၅)** ထပ်တူဥပဒေပြုအညွှန်းများနှင့်ပတ်သက်လျှင် ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုတဝန်းလုံးကိုလွှမ်းခြုံမည့် မူဘောင်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းရမည်။ ပြည်နယ်များမှ အသေးစိတ်ဥပဒေများ ပြဋ္ဌာန်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရမည်။

## (၆) ဖက်ဒရယ်ဘဏ္ဍာရေးစနစ်ဆိုင်ရာ အခြေခံမူဝါဒများ

(က) ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသော ပြည်နယ်၏ လုပ်ပိုင်ခွင့်ကဏ္ဍများကို ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ပြည်နယ်များသည် လုံလောက်သော ဘဏ္ဍာရေးအရင်းအမြစ်များနှင့် အသုံးစရိတ်များကို စီမံခန့်ခွဲပိုင်ခွင့် ရှိရမည်။

(ခ) ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲနိုင်သည့် ဘဏ္ဍာရေးအရင်းအမြစ်များ၊ ပြည်နယ်မှစီမံခန့်ခွဲနိုင်သည့် ဘဏ္ဍာရေးအရင်းအမြစ်များ၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အကြားအညီအမျှခွဲဝေရမည့် ဘဏ္ဍာရေးအရင်းအမြစ်များကို သတ်မှတ်ပြဋ္ဌာန်းရမည်။ ၎င်းတို့ကိုသတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများမှ ကိုယ် စားလှယ်များ ပါဝင်သည့် ဘဏ္ဍာရေးဆိုင်ရာ ပူးတွဲကော်မတီတရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ဂ) ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲရမည့် ဘဏ္ဍာရေးအရင်းအမြစ်များကို စီမံခန့်ခွဲမည့် သီးခြားယန္တရားကို ဖွဲ့စည်းထူထောင်ရမည်။

(ဃ) ပြည်နယ်အစိုးရသည် ပြည်နယ်အစိုးရက စီမံခန့်ခွဲရမည့် ဘဏ္ဍာရေးအရင်းအမြစ်များကိုစီမံခန့်ခွဲမည့် သီးခြားယန္တရားကိုဖွဲ့စည်းထူထောင်ရမည်။

(င) ပြည်ထောင်စုအစိုးရနှင့်ပြည်နယ်အကြား အညီအမျှခွဲဝေရမည့် ဘဏ္ဍာရေးအရင်းအမြစ်များကို ဘဏ္ဍာရေးဆိုင်ရာ ပူးတွဲကော်မတီက စီမံခန့်ခွဲရမည်။

(စ) ဘဏ္ဍာရေးဆိုင်ရာပူးတွဲကော်မတီသည် အခွန်နှုန်းထား သတ်မှတ်ခြင်းနှင့် ခွဲဝေခြင်းကို (၅) နှစ်လျှင် တကြိမ် ပြန်လည်သုံးသပ်ရမည်။

(ဆ) ပြည်ထောင်စုအစိုးရမှ ပြည်နယ်များသို့ ဘဏ္ဍာငွေလွှဲပြောင်းခြင်းကို ပြည်ထောင်စု အစိုးရမှ စီမံဆောင်ရွက်ရမည်။

(ဇ) ပြည်ထောင်စုအစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ဘဏ္ဍာငွေကို အသုံးပြု၍ ပြည်နယ်များအကြား သာတူညီမျှရေးအစီအစဉ်ကို ဖော်ဆောင်ရန်အတွက် သီးခြားလွတ်လပ်သည့် ကော်မရှင်တရပ်ကို ပြည်ထောင်စုအစိုးရမှ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ဈ) ပြည်နယ်တခုနှင့် တခုအကြား ဘဏ္ဍာငွေလွှဲပြောင်းခြင်းကို သက်ဆိုင်ရာပြည်နယ်များမှ ညှိနှိုင်းဆောင်ရွက်ရမည်။

(ည) ပြည်နယ်တခုနှင့်တခုအကြား အခွန်နှုန်းထား သတ်မှတ်ချက်များ ကွာဟမှုကျဉ်းမြောင်းရေးအတွက် ပြည်နယ်အသီးသီးမှ တာဝန်ခံဆောင်ရွက်ရမည်။

(ဋ) ပြည်နယ်အစိုးရသည် အခြေခံအဆောက်အဦအသုံးစရိတ်များအတွက် ပြည်ထောင်စုအစိုးရနှင့် ဘွန်းစာချုပ်ဈေးကွက်များမှ ချေးငွေများ ရယူပိုင်ခွင့်ရှိသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့အစည်းများနှင့် နိုင်ငံခြားအစိုးရများထံမှ ချေးငွေ ရယူပိုင်ခွင့် မရှိစေရ။

(ဌ) ဒေသန္တရအစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ဘဏ္ဍာရေးအရင်းအမြစ်များကို ပြည်နယ်၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော အရင်းအမြစ်များထဲမှ ခွဲဝေ၍ သက်ဆိုင်ရာပြည်နယ်မှ သတ်မှတ်ပြဋ္ဌာန်းရမည်။

(ဍ) ပြည်ထောင်စုအစိုးရ၏ အသုံးစရိတ်များကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြုပြဋ္ဌာန်းရမည်။

(ဎ) ပြည်နယ်နှင့် ဒေသန္တရအစိုးရများ၏ အသုံးစရိတ်များကို ပြည်နယ်လွှတ်တော်မှ ဥပဒေပြုပြဋ္ဌာန်းရမည်။

(ဏ) သဘာဝသယံဇာတ ရောင်းချခြင်းမှ ရရှိသည့် အကျိုးအမြတ်များကို ခွဲဝေရန်အတွက် သဘာဝ သယံဇာတဆိုင်ရာ ပူးတွဲကော်မတီတရပ်ကို ပြည်ထောင်စုအစိုးရနှင့်သက်ဆိုင်ရာပြည်နယ်များမှဖွဲ့စည်းရမည်။

(တ) သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် ဒေသနေပြည်သူလူထု၏ သဘော ထားကိုရယူခြင်း၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမှုကို စောင့်ကြည့်ခြင်း၊ သဘာဝ သယံဇာတထုတ်ယူသုံးစွဲမှုကြောင်း နစ်နာသူများကိုလျော်ကြေးပေးခြင်းနှင့်သဘာဝ သယံဇာတ ထုတ်ယူသုံးစွဲမှုကြောင်း ပျက်စီးယိုယွင်းမှုများကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် အကြံပြုပေးမည့် သီးခြားလွတ်လပ်သော သဘာဝ သယံဇာတဆိုင်ရာကော်မရှင်တရပ်ကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာပြည်နယ်များမှ ညှိနှိုင်းဖွဲ့စည်းရမည်။